မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ SinoHydro Corporation Limited၊ ထိုင်းနိုင်ငံ EGAT International Co., Ltd. နှင့် International Group of Entrepreneur Company Limited တို့ ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ SinoHydro Corporation Limited၊ ထိုင်းနိုင်ငံ EGAT International Co., Ltd. နှင့် International Group of Entrepreneur Company Limited တို့ ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ SinoHydro Corporation Limited၊ ထိုင်းနိုင်ငံ EGAT International Co., Ltd. နှင့် International Group of Entrepreneur Company Limited တို့ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၂* ✳

မြန်မာအင်ဂျင်နီယာများ စွမ်းဆောင်ရည်ဖြင့် တည်ဆောက်လျက်ရှိသော ရေဝတီတံတား(ပခုက္ကူ)
ရထားလမ်းနှင့်ကားလမ်းပါဝင်သည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီး ဖြစ်လာမည်

သတင်းခရီးသည် ➢ မြင့်ဝေလှိုင်
ဓာတ်ပုံမှတ်တမ်း ➢ ရဲသူရအောင် (ညောင်ဦးခရိုင်ပြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု ➢ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

အညာမြေ၏နွေကား ပူပြင်းလှ၏။

စာရေးသူရောက်ရှိသောရက်က ညောင်ဦးခရိုင်တွင် ၄၄ဒီဂရီစင်တီဂရိတ် မှုရှိသည်။

မေးမြန်းစုဆောင်း

ဧပြီ ၁၉ရက် နေ့လယ်ပိုင်းက ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခရိုင်ဥက္ကဋ္ဌ ဦးထိန်ဝင်း၏ စီစဉ်ပေးမှုဖြင့် ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ရာ ခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သတင်းဆောင်းပါးရေးသားရန် အချက်အလက်များစုဆောင်းနိုင်ခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

ရေဝတီတံတား(ပခုက္ကူ)၏ RP-8 ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၁၉ရက်က ဤသို့တွေ့ခဲ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဧပြီ ၂၅ ရက်)

ခေတ်မီစက်မှုနိုင်ငံတော်အဖြစ်သို့ တက်လှမ်းရောက်ရှိရေး စက်မှုလုပ်ငန်းရှင်များ ဆတက်ထမ်းပိုးကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံ၌ စက်မှုဇုန်များ စတင်ထူထောင်လုပ်ကိုင်ခဲ့ခြင်းသည် ယနေ့အခါ သက်တမ်းကာလ နှစ် ၂၀အတွင်းရှိလာပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၂၂ရက်နေ့က မန္တလေးမြို့ရှိ မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင်-

"ခေတ်နောက်ကျနေသည့် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်ကြီးဖြစ်အောင် ထူထောင်သွားနိုင်ရန်ဖြစ်ကြောင်း၊ ခေတ်မီစက်မှုနိုင်ငံတော်ဖြစ်မှသာ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ အဆင့်အတန်းရှိသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်သို့ ကူးပြောင်းရောက်ရှိနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်ရေးကို အားကြိုးမာန်တက် မဆုတ်မနစ်လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း"

လမ်းညွှန်မှာကြားခဲ့ပေသည်။

မန္တလေးစက်မှုဇုန်ရှိ စက်ရုံများမှ တွင်းတူးစက်၊ ထော်လာဂျီယာဉ်များ၊ သုံးဘီးဆိုင်ကယ်၊ လက်တွန်းလယ်ထွန်စက်၊ အဆင့်မြင့်စပါးခြွေလှေ့စက်၊ ကောက်စိုက်စက်၊ ကျောက်ခွဲစက်၊ ကွန်ကရစ်မွှေစက်နှင့် ကုန်တင်ထရပ်ကားအမျိုးမျိုး ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် စက်မှုထုတ်ကုန်များ၊ မန္တလာလက်တွန်းထွန်စက် စက်ရုံထုတ်ပစ္စည်းများ၊ မြန်မာမှုကြေးသွန်းကြေးခတ် လက်မှုပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်များနှင့် သွင်းကုန်အစားထိုးစက်မှုကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်အတွင်းရှိ ပုဂ္ဂလိကစက်မှုဇုန်များသည် ဖွံ့ဖြိုးတိုးတက်အောင်မြင်ပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ကြီးပွားရေးကို သိသာစွာ အထောက်အကူပြုနိုင်ရန် လိုအပ်လျက်ရှိသည်။ စက်မှုလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ရာ၌ ရုပ်ပိုင်း၊ အမြင်ပိုင်းအရ၊ အသွင်သဏ္ဍာန်အရ တိုးတက်မှုကို ဖော်ဆောင်ရုံမျှမက အနှစ်သာရပိုင်းအရပါ မှန်မှန်ကန်ကန်တိုးတက်မှုရှိလာရန် ဦးစားပေး အလေးထား လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်မီစက်မှုနိုင်ငံတော်ကြီးအဖြစ်သို့ တက်လှမ်းရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ စက်မှုလုပ်ငန်းများ ဆတက်ထမ်းပိုးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဝန်တာကြီးခိုင်မှုထိန်းသိမ်းခြင်းနှင့် ပန်းတာလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

ရေဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၀ရက် နံနက်ပိုင်းက ယိုးဒယားတက်ကျေးရွာ သုတဝေဖြာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းမှူးက စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝေနဲပန်းတာသစ် တည်ဆောက်ခြင်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကညင်တောင်ကျေးရွာ ဖြတ်တာလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက်၌ ဆွေးနွေး

ရန်ကုန် ဧပြီ ၂၄

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့် ဝန်ထမ်းများသည် ဧပြီ၂၃ရက်က ဝါဆိုရပ်ကွက် စာပေပျိုးခင်း စာကြည့်တိုက်၌ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြောပွဲ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက စာငှားကတ်စနစ် ကျင့်သုံးရေး၊ ခိုင်မာသော စာကြည့်တိုက်ဖြစ်ပေါ်ရေးတို့ကို ဆွေးနွေးရာ ရပ်ကွက်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက ခိုင်မာသော စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **လူအား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆:၅၅ ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၇:၀၀ MRTV-4 သတင်း
၇:၄၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၁)
၈:၃၀ Sports World (Sunday Special)
၈:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမေရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ**
၉:၂၀ ပန်းလှိုင်ဆေးရုံမှ ပြည်တွင်းပြည်ပ ဆရာဝန်ကြီးများ၏ အရိုးအကြော အဆစ်ခွဲစိတ်ကုသမှုများ (ပါမောက္ခ ဒေါက်တာသိန်းမြင့်ထွန်း)
၉:၄၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၀:၂၀ ကျန်းမာလှပ သွယ်လျဖို့ Smart Girl ကို သွားကြစို့
၁၀:၄၀ ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (နော်လီဇာ)
၁၁:၃၅ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၂:၀၀ အသွင်ပြောင်းစေမည့် Fiber Tech
၁၂:၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ- ၁၅) (ရွှေဝလေ့တေးများ)
၁:၀၀ **လူအား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (လူရှင်တော်ဖြစ်တာကောင်းတယ်၊ လူရှင်တော်မဖြစ်တာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၁)
၄:၁၀ **ကွက်လပ်ဖြည့်ပါ** ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်မောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ၊ [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
၄:၁၅ ပန်းလှိုင်ဆေးရုံမှ ပြည်တွင်းပြည်ပ ဆရာဝန်ကြီးများ၏ အရိုးအကြော အဆစ်ခွဲစိတ်ကုသမှုများ (ပါမောက္ခ ဒေါက်တာ သိန်းမြင့်ထွန်း)
၄:၄၀ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၅:၀၅ ကျန်းမာလှပ သွယ်လျဖို့ Smart Girl ကိုသွားကြစို့
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နော်လီဇာ)
၇:၀၅ ဈေးဝယ်လမ်းညွှန် (C & S for Kids & Ladies)
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (လူရှင်တော်ဖြစ်တာကောင်းတယ်၊ လူရှင်တော်မဖြစ်တာကောင်းတယ်)
၉:၂၅ Barclays Premier League (Chelsea Vs Stoke City)
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၁)
၁၁:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမေရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ**
၁၂:၂၅ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၁၂:၄၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ ဒို့အတူ (နွားမွေးမြူရေး)
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၂၅	Aston Villa - Birmingham	ESPN (Live)
၈:၂၅	Burnley - Liverpool	Star Sports (Live)
၉:၂၅	Chelsea - Stoke City	ESPN (Live)
၁၀:၃၀	Everton - Fulham	Star Sports (SDD)

* ကျောဖုံးမှ

တံတားသစ်

ယခင်ကဆိုလျှင် ရထားနှင့်ကား ပူးတွဲ သုံးရသည့် နှစ်ကာလသက်တမ်းကြာရှည် နေပြီဖြစ်သော ဝေန်တံတားဟောင်း တစ်ခု ဖြင့်ပင် ပြည်သူများမှာ သွားလာနေခဲ့ကြရာ ဆက်သွယ်သွားလာမှု မလုံလောက်သည့် အတွက် ယခုတံတားသစ်ကြီးကို တည် ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

သံကူကွန်ကရစ်

ဝေန်တံတား(မြို့ကွင်း)သည် ဟသ်ာ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ၂၈၃၅ ပေရှိကာ တံတားအကျယ်မှာ ၃၄ပေရှိသည်။ ပင်မ တံတားကို ကြိုတင်အားဖြည့် သံကူကွန် ကရစ်ရက်မ၊ သံပေါင်၊ သံကူကွန်ကရစ် တံတားဖြစ်ကာ ချဉ်းကပ်တံတားမှာ သံကူ ကွန်ကရစ် တံတားဖြစ်သည်။

ရေလမ်းကိုသာ အဓိကအားကိုးရပြီး သွားလာရေးနှောင့်နှေးကြန့်ကြာခဲ့ရသည့် ဧရာဝတီသည် နိုင်ငံတော်က တိုးချဲ့တည် ဆောက်ပေးခဲ့သည့် လမ်းတံတားများ ကြောင့် ကုန်းလမ်းခရီး တံခါးပေါက်ပွင့် သွားကာ အခြားပြည်နယ်နှင့် တိုင်းဒေသများ သို့ လွယ်ကူချောမွေ့စွာသွားလာနေသည့်

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sino Hydro Corporation Limited မှ Vice President Mr. Shen Decai၊ ထိုင်းနိုင်ငံ EGAT International Co., Ltd. မှ Deputy Governor Mr. Wirash Kanchanapibul နှင့် တာဝန်ရှိသူများ၊ International Group of Entrepreneur Company Limited ဥက္ကဋ္ဌ ဦးနေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အဖွင့် အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ထိုင်းနိုင်ငံ EGAT International Co., Ltd. မှ Deputy Governor Mr. Wirash Kanchanapibul က သဘောတူညီမှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sino Hydro Corporation Limited မှ Vice President Mr. Shen Decai၊ ထိုင်းနိုင်ငံ EGAT International Co., Ltd. မှ Deputy Governor Mr. Sahust Pratuknukul နှင့် International Group of Entrepreneur Company Limited မှ တာဝန်ရှိသူတို့က သဘော တူညီမှု စာချွန်လွှာများကို လက်မှတ်ရေးထိုး ကြပြီး အပြန်အလှန် လဲလှယ်ကြကာ အမှတ် တရစုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အပြင် ဖွံ့ဖြိုးတိုးတက်သည့်ခေတ်တစ်ခေတ် ဆီသို့ တက်လှမ်းလာခဲ့ပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါ သည်။ ။

(မြန်မာ့အလင်း)

အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၄

မရမ်းကုန်းမြို့နယ် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီးတွင် တာဝန် ထမ်းဆောင်ခဲ့သော အသက် ၆၀ ကျော် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ခြေတု၊ လက်တု အလုပ်ရုံဝန်ထမ်းများ၊ ဆေးရုံအမှုထမ်းများကို လူမှုဝန်ထမ်းဝန်ကြီးဌာန မသန်စွမ်း သက်ကြီးသင်တန်းကျောင်းတွင် မေ ၁ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းက ကြီးမှူး၍ အာစရိယသက်ကြီးပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ဂါရဝပြုလိုသော မသန်စွမ်းသူများနှင့် စေတနာ ရှင်များသည် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းအသင်းရုံးချုပ် အမှတ် ၅၁ ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၅၁၈၄၁၀၊ ၅၁၁၆၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၃)**

မြဝတီခရိုင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

မြဝတီ ဧပြီ ၂၄

မြဝတီခရိုင် မြဝတီမြို့နယ် သက်ကြီး ပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကို ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်းတစ်ရက် နေ့က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မှ တာဝန် ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့် ဘိုးဘွား ၁၄၇ဦးတို့ တက်ရောက် ကြသည်။ အခမ်းအနား၌ ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း နှင့် အဖွဲ့ဝင်များက ဘိုးဘွားများအား အလှူ ငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ် လှူဒါန်းကြပြီး အဘိုး၊ အဘွားများအား ကန်တော့ကြကာ အဘိုးတစ်ဦးက ပြန်လည် ဆုတောင်းမေတ္တာပို့သပေးသည်။**(အပေါ်ပုံ)**

ဘေးမဲ့လွှတ်

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲကို ကျင်းပရာ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့ များက ငါးအိုးများကို မိုးကုတ်ဂိတ် သောင် ရင်းချောင်းရှိ ငါးလွှတ်စင်သို့ သယ်ဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးများကို သောင်ရင်းချောင်းအတွင်းသို့ ဘေးမဲ့လွှတ် ပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မြန်မာဂေါက်သီးရိုက်အသင်း၌ တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဧပြီ ၂၄

ဦးဇော်ဝင်းအောင် (PROJET DIRECTOR S.M.I Co.,Ltd.) သည် ကစားဖော်များဖြစ်ကြသော ဦးစောဝင်း [(Ret.D.D.G MOEP (2)]၊ ဦးကံထူး (သရဖူ-ဆန်ကြာဆံ)၊ ဦးကျော်အောင်လွင် (အကောက်ခွန်ဦးစီးဌာန) တို့နှင့်အတူ ဧပြီ ၁၄ ရက်က မြန်မာဂေါက်သီးရိုက် အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V(1) No.(3) ဘောလုံးကို MIZUNO IRON No.(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၆ ကိုက် အကွာအဝေးတွင် ရှိသော အမှတ်(၁၂)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၄

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင် လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက် အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ် ၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဧပြီလ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်မည်

Institute of Hospitality (UK) နှင့် Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့ အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက် အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်ကြားတက် ရောက်နေစဉ်နှင့် သင်တန်းတက်ရောက် ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက် နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လို သူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည် ဖြစ်သည်။

IELTS Foundation Course နှင့် Intensive Course ကို Star Resources Hospitality Management Academy တွင် ဧပြီလနောက်ဆုံး ပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းကာလမှာ သုံးလကြာမြင့် မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၁၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်း နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း (၂/၂၀၁၀) ကို မေ ၁၀ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စပါယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် ၀၀၅ ရန်ကုန်မြို့၌ သင်ကြား ပို့ချမည်ဖြစ်သည်။

ပို့ချမည်

သင်တန်းသူ အမျိုးသမီး ၂၀သာ လက်ခံမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လ ကြာမြင့်၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ ပို့ချမည်ဖြစ်သည်။

ပေးပို့

သင်တန်းလျှောက်လွှာများကို မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်၁၀၁ (KSS နတ်သုဒ္ဓါဒံပေါက်ဆိုင်)တွင် ရယူပြီး မေ ၇ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုံးပေါက်ကွဲ မှုကြောင့် ဒဏ်ရာရရှိ သူများအနက် နှစ်ဦးထပ်မံသေဆုံးခဲ့ပြီး ၆၀ အား ဆေးရုံ၌ ဆက်လက်ဆေးဝါးကုသပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၄

ဧပြီလ ၁၅ရက်နေ့ မွန်းလွဲ ၃ နာရီခန့်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့ ပြည်သူ အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းရှစ်ဦးသေဆုံးပြီး အမျိုးသား ၁၂၅ဦး၊ အမျိုးသမီး ၄၅ဦး စုစုပေါင်း ၁၇၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

ဆေးကုသမှုခံယူ

ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရလူနာများအနက် လူနာအများစုမှာ ဆေးရုံမှ ဆင်းသွားနိုင်ခဲ့ပြီး ယနေ့အထိ အမျိုးသား၄၂ဦး၊ အမျိုးသမီး၁၈ဦး စုစုပေါင်း ၆၀ဦး ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် ဆေးရုံတက်လူနာများထဲမှ ဧပြီလ ၁၇ရက်နေ့တွင် အမျိုးသားတစ်ဦးနှင့် ဧပြီလ ၁၉ရက်နေ့တွင် အမျိုးသားတစ်ဦး စုစုပေါင်း အမျိုးသားနှစ်ဦး ထပ်မံသေဆုံးသွားခဲ့သဖြင့် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ စုစုပေါင်း ၁၀ဦး ရှိသွားပြီဖြစ်ကြောင်း စိတ်မကောင်းဖွယ်ရာ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မတ် ၂၉ရက်က ခရိုင်နှင့်မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်း များပူးပေါင်း၍ အဖွဲ့ပိုင် မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်ကြစဉ်။

(မြို့နယ်မီးသတ်)

မြင်းမူမြို့၏ အမြင့်ဆုံးအပူချိန်

နေပြည်တော် ဧပြီ ၂၄

မြင်းမူမြို့၏ ယမန်နေ့ အမြင့်ဆုံးအပူချိန် ၄၆ဒသမ ၅ဒီဂရီစင်တီဂရိတ် (၁၁၅ဒသမ ၇ဒီဂရီဖာရင်ဟိုက်)သည် လွန်ခဲ့သော နှစ်ပေါင်း၂၇နှစ်အတွင်း ယင်းမြို့၏ ဧပြီလအတွက် အမြင့်ဆုံး အပူချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၀၀၆ ခုနှစ် ဧပြီ ၁၂ရက်တွင် ၄၆ဒသမ၀ ဒီဂရီစင်တီဂရိတ်(၁၁၄ဒသမ ၈ဒီဂရီဖာရင်ဟိုက်) ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ၌ နေ့အပူချိန်တိုးလာ

နေပြည်တော် ဧပြီ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၈ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ ၅၁လက်မ၊ မချမ်းဘောမြို့တွင် ၀ဒသမ ၂၈လက်မ၊ ကော့သောင်းမြို့တွင် ၀ဒသမ ၂၃လက်မနှင့် တောင်ကြီးမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာ ဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

အသံအကျယ်ဆုံး အော်ဟစ်နိုင်သူ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့သား ပေါလ်ဟွန်း အမည်ရှိ အမျိုးသားတစ်ဦးသည် အသံအကျယ်လောင်ဆုံး အော်ဟစ်နိုင်သူ ဖြစ်သည်။

အမြင့်ဆုံး

ပေါလ်ဟွန်းသည် လန်ဒန်မြို့တွင် မကြာမီက ပြုလုပ်ခဲ့သည့်အသံအကျယ်ဆုံးပြိုင်ပွဲ၌ အသံနှုန်း ၁၀၇ ဒသမ ၁ဈာခိုင် နှုန်းအထိ အော်ဟစ်နိုင်ခဲ့သဖြင့် အသံနှုန်း အမြင့်ဆုံးလူသားအဖြစ်သတ်မှတ်ခံရသည်။

ပုံမှန်

ပုံမှန်အသံနှုန်းထက် ၄၀ ရာခိုင်နှုန်း ပိုမိုမြင့်မားနေသောပေါလ်ဟွန်းသည် အသက် ၁၆နှစ်အရွယ်ကပင် ကျယ်လောင်စွာ အော်ဟစ်နေမှုကို နေ့စဉ်မကြာခဏ ပြုလုပ်နေတတ်သူဖြစ်သည်။ ယခု အသက် ၃၅နှစ်အရွယ်၌ သာမန်ထက် အသံနှုန်းမြင့်မားနေသူလည်း ဖြစ်သည်။

ကြားရ

ပေါလ်ဟွန်း၏ အော်ဟစ်သံကို အကွာအဝေး နှစ်မိုင်နီးပါးမှ ကြားကြရသည်ဟု ဆို၏။ ။

(အင်တာနက်)

ကိုသစ္စာ - ရေးသားသည်

သီရိလင်္ကာဝန်ကြီးချုပ်သစ်ခန့်အပ်

ကိုလံဘို ဧပြီ ၂၄

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတမဟင်ဒါရာဂျာပက်(ခ်)

သီရိလင်္ကာဝန်ကြီးချုပ်သစ် ဂျာရာရက်နီ

ဆာသည် ၎င်း၏ ပါတီထိပ်တန်းတာဝန်ရှိသူတစ်ဦးအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၂ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါသီရိလင်္ကာဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံရသူမှာ ဂျာရာရက်နီဖြစ်ပြီး အသက် (၇၀)ကျော်အရွယ်ရှိ ကျောင်းဆရာဟောင်းဖြစ်သည်။ ၎င်းသည် ကာကွယ်ရေးဝန်ကြီးဟောင်းလည်းဖြစ်သည်။

ဖော်ပြ

သမ္မတပက်(ခ်)ဆာသည် ဝန်ကြီးချုပ်သစ်ကိုရွေးချယ်ခဲ့ပြီးနောက် ၎င်း၏ ပါတီမှ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့သစ်ကိုလည်း ဖွဲ့စည်းရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဆာဒါစီးတီး၌ ဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ရာ အပျက်အစီးများကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။

(ယင်းဗုံးများဆက်တိုက်ပေါက်ကွဲခဲ့၍ ၆၉ဦး သေဆုံးခဲ့ကြောင်းသိရသည်။)

(အင်တာနက်ဓာတ်ပုံ)

အန်ဘာပြည်နယ်အတွင်း လမ်းဘေးဗုံးများပေါက်ကွဲ ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်၌ ဧပြီ ၂၃ ရက် နံနက်ပိုင်းက လမ်းဘေးဗုံးများ နေရာအနှံ့ ပေါက်ကွဲခဲ့ရာ ရှစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပစ်မှတ်ထား

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကာလီဒါမြို့ရှိ အရပ်ဘက်အဆောက်အအုံများ အပါအဝင် ရဲစခန်းနှင့် တရားရုံးတို့ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ပြောကြားသည်။

ဆန့်ကျင်တိုက်ခိုက်

အန်ဘာပြည်နယ်သည် ဆွန်နီလူမျိုးစုများနှင့် အမေရိကန်ဆန့်ကျင်သော တပ်ဖွဲ့များက အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းကာ အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီးနောက် နှစ်အနည်းငယ်အတွင်း ငြိမ်းချမ်းမှုရရှိခဲ့သော်လည်း မကြာမီလများအတွင်း၌ တိုက်ခိုက်မှုများ ပြန်လည်ခေါင်းထောင်လာခဲ့သည့် ပြည်နယ်တစ်ခုဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်မည်
ဘရာဇီးသမ္မတ လူလာဒါဆီးဗား ပြောကြား

ရီယိုဒီဂျနေးရိုး ဧပြီ ၂၄

ဘရာဇီးအစိုးရက ပုဂ္ဂလိကကုမ္ပဏီများ ပါဝင်ခြင်းမရှိဘဲ အမေဇုန်ဒေသရှိ ဘဲလိုမွန်တီဆည် ရေအားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း စီမံကိန်းတည်ဆောက်မည့်အစီအစဉ်ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးဗားက ဧပြီ ၂၃ရက်၌ ပြောကြားသည်။

ဘဲလိုမွန်တီဆည် ရေအားလျှပ်စစ်ဓာတ်အားပေးစီမံကိန်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိသဖြင့် အငြင်းပွားလျက်ရှိသည်။ ယင်းစီမံကိန်းအတွက် ပြည်သူလူထုအတွင်း လေလံဆွဲသည့် လုပ်ငန်းကို နှစ်ကြိမ်ခန့် ရွှေ့ဆိုင်းထားခဲ့သည်။

လိုအပ်

ဘရာဇီးစက်မှုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေရန် ရေအားလျှပ်စစ်စီမံကိန်း အများအပြား ဆောက်လုပ်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

သြစတြေးလျဘုရင်ခံချုပ် အာဖဂန်နစ္စတန်သို့ အလည်အပတ်ရောက်ရှိ

ကင်ဘာရာ ဧပြီ ၂၄

သြစတြေးလျဘုရင်ခံချုပ် ကွင်တင်ဘရိုက်စ်သည် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ သြစတြေးလျတပ်ဖွဲ့ဝင်များထံသို့ ဧပြီ ၂၃ရက်က ရုတ်တရက် အလည်အပတ်သွားရောက်ခဲ့ကြောင်း သြစတြေးလျသတင်းဌာနက ဧပြီ ၂၄ရက်၌ဖော်ပြသည်။

အားပေးစကားပြောကြား

ဘုရင်ခံချုပ် ဘရိုက်စ်သည် ဒူဘိုင်းမှ လေယာဉ်ဖြင့်ရောက်ရှိလာပြီး တာရင်ကိုနှင့် ကန်ဒါဟာလေဆိပ်ရှိ သြစတြေးလျတပ်ဖွဲ့ဝင်များအား တွေ့ဆုံသည်။ တာရင်ကိုတွင် ဘုရင်သည် အထူးလုပ်ငန်းတပ်ဖွဲ့ဝင်များနှင့် နေ့လယ်စာအတူစားသုံးပြီး အပန်းဖြေစခန်း၌ အားပေးစကား ပြောကြားသွားသည်။ **(အင်တာနက်)**

ပါရှန်ပင်လယ်ကွေ့အတွင်း အီရန်ရေယာဉ်ငယ်များ ဖြန့်ကြက်ထား

တီဟီရန် ဧပြီ ၂၄

အီရန်အစ္စလာမ္မစ် တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များ (အိုင်အာရ်ဂျီစီ)က မြန်နှုန်းမြင့်တိုက်လေယာဉ်ငယ် အုပ်စုကို ပါရှန်ပင်လယ်ကွေ့ ရေပြင်ကျယ်တွင် ယခုအခါ ဖြန့်ကြက်ထားနိုင်ကြောင်း အီရန်ထိပ်တန်းစစ်ဘက်တပ်မှူးတစ်ဦးက ပြောကြားသည်။ စစ်ရေးလေ့ကျင့်မှုပြုလုပ်သည့်နေ့တွင် အိုင်အာရ်ဂျီစီက ပြည်တွင်းဖြစ် အမြန်ရေယာဉ်ငယ်များကို ပါရှန်ပင်လယ်ကွေ့ ရေပြင်ပိုင်နက်တွင် ဖြန့်ကြက်ခဲ့သည်ဟု ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး တန်ဆီရီက ဖားစ်သတင်းဌာနသို့ ပြောကြားသည်။

အိုင်အာရ်ဂျီစီ အင်ဂျင်နီယာဌာနက ယခုစစ်ရေးလေ့ကျင့်ရာတွင် အသုံးပြုနေသည့် လက်နက်အားလုံးနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများကို ထုတ်လုပ်ခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ထပ်မံပြောကြား

စစ်ရေးလေ့ကျင့်မှု ပြုလုပ်သည့် ရည်ရွယ်ချက်မှာ မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား လုံခြုံရေးနှင့် ရေကြောင်းလမ်းကို အမြဲဖွင့်ထားရေးပင်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဒီယာခရိုင်တီမာဂါရာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပါကစ္စတန်တပ်ဖွဲ့ဝင်များ ရှာဖွေစစ်ဆေးလျက်ရှိသည်ကို ဧပြီ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ယခုနှစ်သုံးလအတွင်း အလုပ်အကိုင်သစ် နှစ်သန်းကျော် တရုတ် ဖန်တီးပေးနိုင်

ပေကျင်း ဧပြီ ၂၄

တရုတ်နိုင်ငံ၏ မြို့ပြဒေသများ၌ ယခုနှစ်ပထမသုံးလအတွင်း အလုပ်အကိုင်သစ် ၂၁သမ ၈၉သန်း ဖန်တီးပေးနိုင်ခဲ့သည်ဟု ဧပြီ ၂၃ရက်တွင် လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုလုံခြုံရေးဝန်ကြီးဌာန (အမ်အိုအိပ်ချ်အာရ်အက်စ်အက်စ်)က သတင်းထုတ်ပြန်သည်။

လျော့နည်း

အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၉ခုနှစ်အတွင်း ၄၃သမ ၂ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း၌ ၀၃သမ ၁ရာခိုင်နှုန်းသို့ လျော့နည်းလာပြီး အလုပ်လက်မဲ့ ဦးရေ ၉၃သမ ၁၉သန်းရှိသည်ဟု အဆိုပါဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

မျှော်မှန်းထား

ယခုနှစ်ပထမသုံးလအတွင်း အလုပ်အကိုင်သစ် ၂၁သမ ၈၉သန်းဖန်တီးပေးနိုင်သည့်အတွက် ယခုနှစ်အတွင်း လူဦးရေကိုးသန်းအထိ အလုပ်အကိုင် ဖန်တီးပေးမည်ဟု မျှော်မှန်းထားသည့်ပမာဏ၏ ၃၂ရာခိုင်နှုန်းခန့်သာရှိကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေနံထုတ်ယူ

အင်ဒိုနီးရှားနိုင်ငံ ကာမိုဂျန်မြို့အနီး ခေတ်မီ ကုန်းတွင်းတူးစက်တစ်ခုဖြင့် ရေနံထုတ်ယူရန် ပြင်ဆင်နေမှုကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်သူလျှိုဟု သံသယရှိသူလေးဦး ပါကစ္စတန်အနောက်မြောက်ပိုင်း၌ သတ်ဖြတ်ခံရ

အစ္စလမ္မာဘတ် ဧပြီ ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသ၌ အမေရိကန်သူလျှိုဟု စွပ်စွဲကာလူလေးဦးကို တာလီဘန်စစ်သွေးကြွဟု မသင်္ကာသူများက ခေါင်းဖြတ်သတ်ခဲ့သည်ဟု တာဝန်ရှိသူများက ဧပြီ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

တိုးမြှင့်ချထား

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့ကမျှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ တစ်ချိန်တည်းမှာပင် လုံခြုံရေးတပ်ဖွဲ့က အဆိုပါဒေသ၌ ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ပြီး လုံခြုံရေးတိုးမြှင့်ချထားခဲ့သည်။

သတ်ဖြတ်ခဲ့

စစ်သွေးကြွများသည် ပြီးခဲ့သည့်နှစ်များအတွင်းက အမေရိကန်ထောက်လှမ်းရေးဌာနအတွက် သူလျှိုလုပ်ပေးသည်ဟုဆိုကာ ဒေသခံများအား သတ်ဖြတ်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကယ်ဆယ်

မက္ကဆီကိုနယ်စပ် ကလူးဒက်ဂျူရက်ဒေသ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ရန် လူနာတင်ယာဉ်ပေါ်သို့ ဧပြီ ၂၃ရက်က တင်ဆောင်နေကြစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အမေရိကန်နှင့် အာဖရိကသမဂ္ဂအဖွဲ့ ဝါရှင်တန်မြို့၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး

ဝါရှင်တန် ဧပြီ ၂၄

အမေရိကန်နှင့် အာဖရိကသမဂ္ဂအဖွဲ့ (အေယူ)တို့သည် ဝါရှင်တန်မြို့၌ ဧပြီ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ပထမအကြိမ် အစည်းအဝေး ကျင်းပကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

နှစ်စဉ်ကျင်းပမည့် အဆိုပါအစည်းအဝေးကို ဝါရှင်တန်မြို့နှင့် (အေယူ)အဖွဲ့ ဌာနချုပ်ရှိရာ အီသီယိုးပီးယားနိုင်ငံ အဒစ်ဘာဘာမြို့တို့တွင် အလှည့်ကျ ကျင်းပရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

ဝါရှင်တန်မြို့၌ကျင်းပသည့် ပထမအကြိမ် အစည်းအဝေးတွင် အာဖရိကနိုင်ငံများ၏ ကျန်းမာရေး၊ စားနပ်ရိက္ခာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကိုထည့်သွင်း ဆွေးနွေးသည်။

ဆွေးနွေး

နှစ်ဦးနှစ်ဖက် အရေးကိစ္စများအပြင် ပါကစ္စတန်နှင့် တောင်အာဖရိကနိုင်ငံများ အရေးကို ဆွေးနွေးကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ ဘာနာဘီမြို့၌ စက်ရုပ်သဏ္ဌာန် ဆင်မြန်းထားသည့် ကျောင်းသားလေးများ စုပေါင်း၍ ကပြတင်ဆက်နေပုံကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ရုရှားလုပ်ဒုံးပျံဖြင့် အမေရိကန်ဂြိုဟ်တု လွှတ်တင်

မော်စကို ဧပြီ ၂၄

ရုရှားလုပ်ဒုံးပျံဖြင့် အမေရိကန် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဧပြီ ၂၄ ရက်က အာကာသသို့ လွှတ်တင်လိုက်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်သည်။

လွှတ်တင်

အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တုကို ကာဇက်စတန်ရှိ ဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ မော်စကိုစံတော်ချိန် ဧပြီ ၂၃ရက် ညနေ ၃နာရီ ၁၉မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။

သယ်ဆောင်

ရုရှားလုပ် ပရိုတွန်အမ်ဒုံးပျံသည် အမေရိကန် ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်သွားပြီးနောက် ၉နာရီအကြာ၌ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိသွားခဲ့ကြောင်း ရုရှားအာကာသ အေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ဝေဟင်တွင် ဆီဖြည့်မည့်အစီအစဉ် ဥရောပ လေကြောင်းကုမ္ပဏီ ပါဝင်မည်

ဝါရှင်တန် ဧပြီ ၂၄

အမေရိကန်လေတပ်အတွက် ဒေါ်လာ ၃၅ဘီလီယံတန်ဖိုးရှိ ဝေဟင်တွင် ဆီဖြည့်လေယာဉ်အစီအစဉ် လေလံတင်ပွဲတွင် ဥရောပ လေကြောင်းကုမ္ပဏီ အီးအေဒီအက်စ်က ပါဝင်မည်ဖြစ်ပြီး ဇူလိုင် ၉ရက်၌ လျှောက်လွှာတင်သွင်းမည်ဖြစ်ကြောင်း ဧပြီ ၂၀ရက်က ကြေညာသည်။

တုံ့ပြန်

မိမိတို့အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ခေတ်မီပြီး ပိုမိုစွမ်းဆောင်နိုင်မည့် ဆီဖြည့်လေယာဉ်ကို ဖြည့်တင်းပေးနိုင်မည်ဟု အီးအေဒီအက်စ် မြောက်အမေရိကဒေသဥက္ကဋ္ဌ ခရော့စဘီက ပြောကြားသည်။

ယင်းလေလံတင်ပွဲတွင် ဘိုးရင်းကုမ္ပဏီအား အနိုင်ရရှိစေရန် မိမိတို့အနေဖြင့် အမေရိကန်အစုစပ်လုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းနေသည်ဟု ယင်းကုမ္ပဏီက ပြောကြားသည်။

ထူထောင်

အမေရိကန်လေတပ်က ဝေဟင်တွင် ဆီဖြည့်လေယာဉ်အုပ်စုမှ လေယာဉ်များအား အစားထိုးလဲလှယ်ရန် စီစဉ်နေသည်။ ယင်းလေယာဉ်အုပ်စုကို ၁၉၅၀ပြည့်နှစ်၌ ထူထောင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ငလျင်ဒဏ် ခံစားရသည့် ကျင်ဟိုင်းပြည်နယ် ယူရှုစီရင်စုဒေသသို့ တရုတ်အရှေ့ပိုင်း လေကြောင်းလိုင်းမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရန် ဆိုက်ရောက်လာသည်ကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တူရကီ၌ နှစ်ပေါင်း ၃၀ကြာ ပြည်တွင်းစစ်အတွင်း လူပေါင်း ၄၀၀၀၀ ခန့်သေဆုံးခဲ့ကြရ

အန်ကာရာ ဧပြီ ၂၄

တူရကီနိုင်ငံအရှေ့တောင်ပိုင်း၌ ဧပြီ ၂၃ရက်က တူရကီတပ်ဖွဲ့၏လက်ချက်ဖြင့် (ပီကေကေ)သူပုန်နှစ်ဦးသေဆုံးကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

စစ်ဆင်ရေးဆင်နွှဲ

ဆီးရီးယားနယ်စပ်ဖြစ်သည့် မာဒင်ပြည်နယ် ကီဇီလ်တီပီမြို့၌ ဧပြီ ၂၂ရက်က ဖြစ်ပွားသည့် တူရကီတပ်ဖွဲ့နှင့်(ပီကေကေ)သူပုန်များ၏ ပြင်းထန်သော တိုက်ပွဲအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး၊ အခြားသုံးဦး ဒဏ်ရာရရှိပြီးနောက် လုံခြုံရေးတပ်ဖွဲ့က စစ်ဆင်ရေး ဆင်နွှဲလိုက်ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။

သိမ်းဆည်းရမိ

ယင်းတိုက်ပွဲအတွင်း ရိုင်ဖယ်နှစ်လက်၊ ပစ္စတိုနှစ်လက်နှင့် လက်ပစ်ဗုံးလေးလုံးကို တူရကီတပ်ဖွဲ့က သိမ်းဆည်းရမိသည်။

တူရကီတပ်ဖွဲ့နှင့် (ပီကေကေ)သူပုန်များအကြား နှစ်ပေါင်း၃၀ကြာဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း လူပေါင်း ၄၀၀၀၀ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖင်လန်နိုင်ငံ လေကြောင်းပျံသန်းမှု ပြန်လည်ဖွင့်လှစ်

ဟယ်ဆင်စကီး ဧပြီ ၂၄

ဖင်လန်နိုင်ငံ၌ တားမြစ်ကန့်သတ်ထားသော လေကြောင်းခရီးစဉ်အားလုံး ပုံမှန်အတိုင်း ပျံသန်းနိုင်ပြီဖြစ်ကြောင်း ဖင်လန်နိုင်ငံ မြို့ပြလေကြောင်းအုပ်ချုပ်ရေးဌာနက ဧပြီ ၂၃ရက်တွင် ထုတ်ပြန်သည်။

ပုံမှန်ပျံသန်း

မီးတောင်ပေါက်ကွဲမှုကြောင့် ဖင်လန်နိုင်ငံလေကြောင်းလိုင်း ၂၅ခု ဧပြီ ၁၆ရက်က ပိတ်လိုက်ရပြီး နိုင်ငံအလံလွှင့်ထူထားသော လေကြောင်းလိုင်းအားလုံး လေကြောင်းအစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ လာမည့်သီတင်းပတ်အတွင်း လေကြောင်းလိုင်းအားလုံး ပုံမှန်ပျံသန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အီရန်သမ္မတ ယူဂန္ဒာနိုင်ငံသို့ အလည်အပတ်ရောက်ရှိ

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် နျူကလီးယားကိစ္စနှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီ၌ ယူဂန္ဒာနိုင်ငံ၏ ထောက်ခံမှုကိုရရှိရန် ဆွေးနွေးရေးအတွက် ဧပြီ ၂၄ရက်က ယူဂန္ဒာနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိလာကြောင်း ယူဂန္ဒာအရာရှိများက ပြောကြားသည်။

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင် ခရီးထွက်မည်

အမေရိကန် ဒုတိယသမ္မတဂျိုးဘိုင်ဒင်သည် ဘယ်လ်ဂျီယံနှင့် စပိန်နိုင်ငံများသို့ လာမည့် မေ၅ရက်မှ ၈ရက်အထိ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စများဆွေးနွေးရန် ခရီးထွက်မည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ဧပြီ ၂၄ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများမြင့်တက်လျက်ရှိရာ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ဈေးကွက်၌ ဧပြီ ၂၄ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၅၃ ဒသမ ၇ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလား အဲလိုင်းအတွက် တရုတ်ငွေကြေးကူညီမည်

ဗင်နီဇွဲလားလေကြောင်းလိုင်းသစ်တစ်ခု ဖွင့်လှစ်ရန် တရုတ်လေကြောင်းကုမ္ပဏီနှစ်ခုတို့က အမေရိကန်ဒေါ်လာသန်း ၃၀၀ အကုန်အကျခံ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလေကြောင်းပျံသန်းမှု တိုးမြှင့်ရန်အတွက်ဖြစ်ကြောင်း တရုတ်အရာရှိများက ဧပြီ ၂၄ ရက်၌ ပြောကြားသည်။

ပီကာဆိုပန်းချီကားများ ကျူးဘား၌ ပြသမည်

ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆို၏ ရှားပါးပန်းချီကား ၂၉ ချပ်ကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ မေ ၂ရက်မှ ၈ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း ကျူးဘားအရာရှိများက ဧပြီ ၂၄ရက်၌ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ဆန်ကျန်မြို့၌ မီးလောင်မှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ ဆန်ကျန်မြို့၌ ဧပြီ ၂၄ ရက် နံနက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀၀ ခန့် မီးလောင်ကျွမ်းခံခဲ့ရကြောင်း၊ မိသားစုဝင် ၆၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ မီးကို အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ ***(အောက်ပုံ)***

ပေကျင်းစားသောက်ဆိုင်၌ အစာအဆိပ်သင့်

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ စားသောက်ဆိုင်တစ်ဆိုင်မှ အစားအစာများကို စားသောက်ခဲ့ကြသည့် လူ ၇၀ခန့်မှာ မူးဝေအော့အန်ကာ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း အစာအဆိပ်သင့်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပေကျင်းရဲတပ်ဖွဲ့က ဧပြီ ၂၄ရက်၌ ပြောကြားသည်။

အိန္ဒိယနှင့်အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မည်

ကာရစ်ဘီယံပင်လယ်ပြင်တွင် အိန္ဒိယနှင့် အမေရိကန်ရေတပ်စစ်သင်္ဘောများ မေ ၂ရက်အထိ သီတင်းတစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုကို မာလာဘာ -၂၀၁၀ဟု အမည်ပေးထားကြောင်း၊ စစ်သင်္ဘောများနှင့်အတူ စစ်ဘက်ထောက်ပံ့ရေး လေယာဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ဧပြီ ၂၄ရက်၌ ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အိုက်စလန်လေဆိပ်ပိတ်ထားရ

မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသောပြာမှုန့်နှင့် မီးခိုးများကြောင့် အိုက်စလန်နိုင်ငံ ကီဖလာဗစ်လေဆိပ်ကို ပိတ်ထားရကြောင်း၊ လေဆိပ်ပြန်လည်ဖွင့်လှစ်မည့်ရက်ကို သတင်းမထုတ်ပြန်သေးကြောင်း အိုက်စလန်လေကြောင်းအရာရှိများက ဧပြီ ၂၄ရက်၌ ပြောကြားသည်။ *(အင်တာနက်)*

E-waste လျှပ်စစ်၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများရှိ သတိထားသင့်သည့်အန္တရာယ်များ

စွန့်ပစ်ပစ္စည်း waste ဆိုသည်မှာ လူသားတို့အတွက် အသုံးမလိုတော့၍ စွန့်ပစ်လိုက်သည့် အရည်နှင့်အစိုင်အခဲ အရာဝတ္ထုအားလုံးတို့ကိုဆိုလိုပါသည်။ စွန့်ပစ်ပစ္စည်းတစ်နည်းအားဖြင့် အမျိုးအမျိုးအစားများစွာရှိရာ အဓိကအားဖြင့် ငါးမျိုး ခွဲခြားသတ်မှတ်နိုင်ပြီး မြူနီစီပယ်(စည်ပင်သာယာရေးအဖွဲ့)စွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသော ပစ္စည်းများ၊ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် လျှပ်စစ်၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းတို့ဖြစ်ကြပါသည်။

မြူနီစီပယ်(စည်ပင်သာယာရေးအဖွဲ့)စွန့်ပစ်ပစ္စည်းများ အနေဖြင့် နိုင်ငံ၊ မြို့ရွာအတွင်းမှ လမ်းဘေးဝဲယာများတွင် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များမှ ကြွေကျသည့်သစ်ရွက်အဟောင်းအဆွေးများ၊ လူနှင့်တိရစ္ဆာန်အသေကောင်များ၊ စွန့်ပစ်ယာဉ်မျိုးစုံ အဟောင်းအစုတ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ စွန့်ပစ်ထားသည့် ကွန်ကရစ် အကျိုးအပဲ့များ၊ ရေပိုက်အမျိုးမျိုး၏ဖြတ်စများ၊ ဝိုင်ယာကြိုးဖြတ်စများ၊ သွပ်နှင့်သံတိုသံစများ၊ ပြာနှင့်ဖုန်မှုန့်များ၊ လူတို့၏အဆောက်အအုံများ၊ နေအိမ်များ၊ ရုံးများ၊ ကျောင်းများ၊ ဈေးများမှ စွန့်ပစ်ကြသော စားကြွင်းစားကျန်များ၊ စက္ကူအမျိုးမျိုးနှင့် အဝတ်အစားအဟောင်းအစုတ်များ၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ တာယာအဟောင်းများ ၊ ဖန်ထည်အဟောင်းများ၊ သံထည်နှင့် မြေထည်ပစ္စည်းအဟောင်းများ၊ ဒန်အိုး၊ ဒန်ခွက်အဟောင်းများနှင့် မသန့်ရှင်းသောရေဆိုးရေညစ်များ၊ မိလ္လာအညစ်အကြေးတို့ဖြစ်ပါသည်။

စက်မှုလုပ်ငန်းမှ ထွက်သောစွန့်ပစ်ပစ္စည်းများမှာ -စက်ရုံများမှထုတ်လုပ်သည့် ကုန်ပစ္စည်း အမျိုးအစားပေါ်မူတည်၍ ကုန်ပစ္စည်းများ ထုပ်ပိုးရာမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ရော်ဘာပစ္စည်းများ၊ ဆိုးဆေးများ၊ သတ္တုအပိုင်းအစများ၊ ဓာတုဗေဒဆေးရည်၊ အသုံးပြုပြီးသောစက်နှင့် လျှပ်စစ်ပစ္စည်းအဟောင်းများ၊ စွန့်ပစ်ညစ်ညမ်းရေများ၊ စက်ရုံသုံးစက်ဆီချောဆီဟောင်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းမှထွက်ရှိသည့် သတ္တုအရည်နှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ ပါဝင်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှစွန့်ပစ်ပစ္စည်းများမှာ–လယ်ယာစိုက်ပျိုးရေးနှင့်စိုက်ပျိုးထုတ်ကုန်များမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် စပါးခွံ၊ ကြံဖတ်၊ ပြောင်းဖူးရိုး၊ ပဲပင်ရိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် သားသတ်ရုံမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ရေများ၊ တိရစ္ဆာန်မစင်များပါဝင်ပါသည်။

ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒစွန့်ပစ်ပစ္စည်းများမှာ–အရေးအကြီးဆုံး စွန့်ပစ်ပစ္စည်း အမျိုးအစားတစ်ခုဖြစ်ပါသည်။ ပတ်ဝန်းကျင်အားညစ်ညမ်းစေပြီး အပင်နှင့်သက်ရှိများအား ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ အဏုမြူစွမ်းအင်သုံးစက်ရုံများမှ ရေဒီယို သတ္တိကြွဒြပ်စင်များ၊ ဓာတုဗေဒပိုးသတ်ဆေးရည်များ၊ ဆေးရုံ၊ ဆေးပေးခန်းများမှစွန့်ပစ်ဆေးပစ္စည်းများ၊ တိုက်စားစေနိုင်သည့် အက်စစ်အမျိုးမျိုးနှင့် မီးလောင်ပေါက်ကွဲစေနိုင်သည့် ဓာတုဗေဒပစ္စည်းများ ပါဝင်ပါသည်။

လျှပ်စစ်၊အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ E-waste ဆိုသည်မှာ–အသုံးဝင်မှုသက်တမ်းကုန်ဆုံးတော့မည့် လျှပ်စစ်၊ အီလက်ထရွန်နစ်ပစ္စည်းများကို ရိုးရိုးရှင်းရှင်းနာမည်ပေးထားခြင်းဖြစ်ပါသည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်ပစ္စည်းများ၏ အစိတ်အပိုင်းများတွင် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများပါဝင်သည့်အတွက် အန္တရာယ်ကြီးမားသည်ဟုသတ်မှတ်ကြပါသည်။ Electronic waste, E-waste, E-scrap(or) Waste Electrical and Electronic Equipment (WEEE)ဆိုသည်မှာ တစ်နည်းအားဖြင့် အသုံးပြု၍မရနိုင်တော့သော လျှပ်စစ်ပစ္စည်းကိရိယာများ (သို့)စွန့်ပစ်ထားသော လျှပ်စစ်ပစ္စည်းနှင့် အီလက်ထရွန်နစ်ပစ္စည်း ကိရိယာအစိတ်အပိုင်းများကို ဆိုလိုပါသည်။

ထိုလျှပ်စစ်စွန့်ပစ်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းတွင်ပါဝင်သော အရာဝတ္ထုအချို့သည် အန္တရာယ်ဖြစ်စေနိုင်သည့်အရာများပါဝင်သည်။ ထိုအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများသည် လူသားများ၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အန္တရာယ်ဖြစ်စေနိုင်ရေးကို ဦးတည်လျက်ရှိပါသည်။ စွန့်ပစ်ထားသော ကွန်ပျူတာအပျက်များ၊ တီဗွီအဟောင်းများ၊ ဗွီစီဒီအပျက်များ၊ ရေဒီယိုအပျက်များ၊ မိတ္တူကူးစက်အပျက်များ၊ ဖက်စ်(Fax) စက်အဟောင်းများ၊ လျှပ်စစ်မီးချောင်းအဟောင်းများ၊ တယ်လီဖုန်းအဟောင်းများ၊ Audioနှင့် သက်ဆိုင်သည့်ပစ္စည်းအဟောင်းများ၊ ဘက်ထရီအဟောင်းများကို သေချာမစွန့်ပစ်ပါက ၄င်းပစ္စည်းထဲတွင်ပါဝင်သော ခဲ (Lead) နှင့် အခြားဓာတ်သတ္တုတို့သည် မြေကြီးနှင့် မြေအောက်ရေများထဲသို့ စီးဝင်ရောက်ရှိသွားမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆိုပါ E-waste များကြောင့် လေ၊ ရေ၊ မြေ ညစ်ညမ်းမှုနှင့် ကျန်းမာရေး ပြဿနာများ ရင်ဆိုင်နေရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင်လျှင် E-waste များကို စွန့်ပစ်ခြင်းနှင့်ပြန်လည်အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း(Recycling) စသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသော လုပ်သားများအနေနှင့် စွန့်စွန့်စားစားလုပ်ဆောင်နေရသည်။ သတ္တုများအား မီးရှို့ဖျက်ဆီးရာမှ ထွက်ရှိလာသောပြာများ စွန့်ပစ်ရာတွင်လည်းကောင်း၊ E-waste များ ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ရာတွင်လည်းကောင်း အန္တရာယ်မဖြစ်ပေါ်ရေးအတွက် ဂရုတစိုက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်များစွာလိုအပ်ပါသည်။

(E-waste)နှင့် လူ့ပတ်ဝန်းကျင်ဆက်နွယ်မှု

စက်မှုတော်လှန်ရေးနောက်ပိုင်း တိုးတက်မှုများသည် လူသားများ၏နေထိုင်မှုပုံစံကို ယခင်ရာစုနှစ်များနှင့်မတူဘဲ များစွာပြောင်းလဲစေခဲ့သည်။ သို့သော် တိုးတက်ဖွံ့ဖြိုးမှုများသည် လူသားများအား ကူညီမှုများစွာ ရရှိစေသော်လည်း စနစ်တကျမရှိသည့် စီမံအုပ်ချုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် အခြားပြဿနာပေါင်းများစွာကို ဖြစ်ပေါ်လာစေခဲ့သည်။

နည်းပညာတိုးတက်သည့် ယခုနှစ်နောက်ပိုင်း ရာစုနှစ်များတွင် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေးနှင့်ပတ်သက်သည့် စီမံအုပ်ချုပ်မှုသည် စိန်ခေါ်မှုပြဿနာတစ်ရပ်အနေဖြင့် ထွက်ပေါ်လာလျက်ရှိပါသည်။ ဥပမာ- ကွန်ပျူတာ(Personal Computers) များတွင်ပါဝင်သည့် အချို့အစိတ်အပိုင်းများတွင် ပြင်းထန်သည့်အဆိပ်အတောက်များကို ဖြစ်စေသည့် ကလိုရိုက်နှင့် ဘရိုမိုက်ဒြပ်ပေါင်းများ (Chlorinated and brominated substances)၊ အဆိပ်ဓာတ်ငွေ့များ၊ အဆိပ်သင့်စေသည့်သတ္တုများ၊ရေဒီယိုသတ္တိကြွပစ္စည်းများ၊ အက်စစ်များ၊ ပလတ်စတစ်များနှင့် အခြားပစ္စည်းများ ပါဝင်လျက်ရှိသည်။ အဆိုပါပစ္စည်းများသည် လူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာဘေးအန္တရာယ်ဖြစ်စေပါသည်။ ထို့ကြောင့် E-wasteများအား စွန့်ပစ်ရာတွင်လည်းကောင်း၊ ပြန်လည်၍ Recycle လုပ်ရာတွင်လည်းကောင်း ကောင်းမွန်စနစ်ကျသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှုများ လိုအပ်လာပါသည်။

ယနေ့ခေတ်တွင် ကွန်ပျူတာသည် လူတိုင်းသုံးစွဲသည့် အခြေခံပစ္စည်းဖြစ်လာပြီး စာသင်ကျောင်းများ၊ လူနေအိမ်များမှ စက်ရုံ၊ အလုပ်ရုံများအထိ ကျယ်ပြန့်စွာအသုံးပြုလာနေကြပါသည်။ ကွန်ပျူတာတွင် ဆားကစ်ပြား၌ ခဲ နှင့် ကယ်ဒမီယံ (Cadmium)သတ္တုများ၊ ဘက်ထရီတွင် ကယ်ဒမီယံ (Cadmium) သတ္တုများ၊ ကက်သုတ်ပြွန်ချောင်းများတွင် ခဲအောက်ဆိုက်များ (Lead Oxide) နှင့် Barium သတ္တုများ၊ ကြေးသတ္တုကြိုးများ ဖုံးအုပ်ခြင်းနှင့် ပလတ်စတစ်ကွန်ပျူတာအိမ်အဖုံးတို့ပြုလုပ်ရာတွင်Polyvinyl Chloride (PVC) စသည့် အလွန်အဆိပ်ပြင်းသော ဓာတ်သတ္တုများပါဝင်ပါသည်။ ထို့အပြင် အဖိုးတန်သည့်သတ္တုများအား လိုချင်၍ ကွန်ပျူတာအစိတ်အပိုင်းများကို မီးရှို့သည့်အခါ ထွက်ပေါ်လာသည့် Dioxinsများနှင့် Furans များသည် ပြင်းထန်သည့်အဆိပ်များကို

တက္ကသိုလ် တင်လက်ျာ

ဖြစ်စေပါသည်။ မျက်နှာပြင် ၁၄ လက်မရှိသော ကွန်ပျူတာ၏မော်နီတာတွင် ပျမ်းမျှအားဖြင့် ၂ဒသမ ၅ မှ ၄ ကီလိုဂရမ်ရှိသော ခဲသတ္တုများ ပါဝင်နေပါသည်။ ၄င်းခဲပြွန် Lead Tubes များကို မြေဖို့၍စွန့်ပစ်ခြင်းအားဖြင့် ခဲသတ္တုများသည် မြေအောက်ရေထဲသို့ စိမ့်ဝင်သွားနိုင်ပါသည်။ အကယ်၍ အဆိုပါ Lead Tubes များကိုချိုးဖဲ့၍ မီးရှို့လျှင်လည်း လေထဲသို့ အဆိပ်ငွေ့များကို ပျံ့လွင့်စေနိုင်ပါသည်။

(E-waste) စွန့်ပစ်ခြင်းနှင့် အကျိုးဆက်များ

E-waste များကို တရားမဝင် Recycle လုပ်မှုများကြောင့် အထူးစိုးရိမ်ဖွယ်ကောင်းသော ရေထုညစ်ညမ်းမှုများကိုဖြစ်ပေါ်စေပြီး သောက်သုံးရေရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်လျက်ရှိပါသည်။ မြစ်ချောင်းများထဲသို့ E-waste များအား Recycle လုပ်ရာမှ ဖြစ်ထွန်းစွန့်ပစ်ထွက်ပေါ်လာသော အက်စစ်နှင့် အညစ်အကြေးများကို စွန့်ပစ်ခြင်းကြောင့် ရေမသန့်ရှင်းမှု အန္တရာယ်နှင့် ရင်ဆိုင်လာရမည်ဖြစ်ပါသည်။ E-waste များအား မီးရှို့ရာမှထွက်ပေါ်လာသည့် အဆိပ်ငွေ့များသည် လေထုထဲသို့ပျံ့လွင့်လျက်ရှိပြီး အနီးပတ်ဝန်းကျင်များသို့ပျံ့နှံ့၍ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ မော်နီတာအပျက်များအား မြေကြီးထဲသို့ ဖြစ်သလိုစွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု အန္တရာယ်ဖြစ်ပေါ်လာစေနိုင်ပါသည်။ ဥပမာ-လျှပ်စစ်အသုံးအဆောင်ပစ္စည်းဖြစ်သည့် လျှပ်စီးပတ်လမ်းဖြတ်ကိရိယာ (Circuit Breakers) များကို ဖျက်ဆီးသည့်အခါ ထွက်ပေါ်လာသည့် ပြဒါးများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဖြစ်ပေါ်လာစေပါသည်။

လျှပ်သိုပစ္စည်းများ (Condensers) ကို ဖျက်ဆီးသည့်အခါ ထွက်ပေါ်လာသည့် Polychlorinated biphenyls –(PCBs) များသည်လည်း အလားတူကိစ္စများ ဖြစ်ပေါ်လာစေသည်။ Bromine ပါဝင်သော ပလတ်စတစ်များ သို့မဟုတ် Cadmium ပါဝင်သော ပလတ်စတစ်များကို မြေကြီးထဲသို့ မြေဖို့စွန့်ပစ်ခြင်းအားဖြင့် မြေဆီလွှာနှင့် မြေအောက်ရေတို့အား ညစ်ညမ်းမှုဖြစ်ပေါ်စေပါသည်။ အထူးအားဖြင့် ခဲအကျိုးအကြေများပါဝင်သည့် ကက်သုတ်ပြွန်ချောင်း(Cathode Ray Tubes) များအား မြေဖို့စွန့်ပစ်ထားသည့် မြေကြီးများတွင် ခဲအိုင်းယွန်း (Lead Irons) များ ထွက်ပေါ်လာကြောင်း တွေ့ရှိရပါသည်။ ပြဒါးများပျော်ဝင်ခြင်းနှင့် သတ္တုများ Mercury & Dimethyl Mercury များကို ကျိုချက်ရာမှ ထွက်ပေါ်လာသည့် အခိုးအငွေ့များသာမက လျှပ်စစ်စွန့်ပစ်ပစ္စည်းများအားလုံးသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါသည်။

နိုင်ငံ တော်တော်များများတွင် ထိန်းချုပ်မှုမရှိသည့် မီးရှို့မှုများကို မြောက်မြားစွာ တွေ့နေရပါသည်။ ထိုကဲ့သို့ မီးရှို့မှုကြောင့် အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဓာတ်ငွေ့များ လေထုအတွင်း ရောက်ရှိစေပါသည်။ ကြေးနှင့်အခြားသတ္တုများကို ပြန်လည်ထုတ်ယူရန်အတွက် ဟာလာဟင်းလင်း နေရာများတွင် E-waste များကို မီးရှို့ခြင်းသည်လည်း အန္တရာယ်အများဆုံး ဖြစ်နိုင်ပါသည်။ E-waste များကိုမီးရှို့ရာမှ ထွက်ပေါ်လာသော အဆိပ်ငွေ့များသည် လေထုထဲမှတစ်ဆင့် အနီးအနားပတ်ဝန်းကျင်နှင့် တစ်ကမ္ဘာလုံးရှိ အခြားနေရာများသို့ပါ ဖြန့်ကြက်ပျံ့နှံ့လျက်ရှိပါသည်။

E-waste များအား နေအိမ်ရှိအမှိုက်ပုံးများမှတစ်ဆင့် စွန့်ပစ်ပါက ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေပါသည်။ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် အဆိုပါ အလွန်အန္တရာယ်များသည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပြဿနာများနှင့် စိန်ခေါ်မှုများအား အဖြေရှာကြရန် တောင်းဆိုလာကြကြောင်း လေ့လာသိရှိရပါသည်။ သို့ရာတွင် ၁၉၈၀ခုနှစ်၌ တင်းကျပ်သည့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စည်းကမ်းချက်များရှိသည့် စက်မှုနိုင်ငံများမှ E-waste များစွန့်ပစ်ရာတွင် ကုန်ကျမည့် ကြီးမြင့်သည့်ကုန်ကျစရိတ်များကို အသီးသီး တင်ပြလာကြပါသည်။ စရိတ်စကနည်းမည့် နည်းလမ်းများကိုရှာဖွေရာမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အဆိပ်စွန့်ပစ်ပစ္စည်းများအား သင်္ဘောဖြင့်တင်ပို့ရောင်းချခြင်း လုပ်ငန်းများ စတင်ပေါ်ပေါက်လာခဲ့ပါသည်။

အဆိုပါ တရားမဝင်တာဝန်မဲ့စွာ လုပ်ဆောင်မှုများကြောင့် နိုင်ငံတကာတွင် မကျေနပ်မှုများဖြစ်ပေါ်လာခဲ့ကြောင်း သိရှိရပါသည်။ E-waste နှင့် ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အထွေထွေညီလာခံတွင် အခြေခံသဘောတူညီချက် ထွက်ပေါ်လာခဲ့သည်။ အဆိုပါ သဘောတူညီချက်တွင် ဥပဒေ၊ နည်းဥပဒေ၊ နည်းပညာနှင့် ပတ်သက်သည့်အချက်များ စာရင်းဇယားအချက်အလက်များ၊ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား သင့်တော်သည့်ကိုင်တွယ်စီမံအုပ်ချုပ်မှုများ ပါဝင်ခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါ ညီလာခံ၏ အခြေခံရည်ရွယ်ချက်များမှာ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ထိန်းချုပ်ရန်နှင့် နယ်နိမိတ်ဖြတ်ကျော် သယ်ဆောင်ခြင်းများကို လျှော့ချရန် ပါဝင်ပါသည်။ ၄င်းတို့မှ ဆင့်ပွားဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်ရန်နှင့် လျှော့နည်းသက်သာစေပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် စီမံအုပ်ချုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းရမည့် နည်းလမ်းများ ပါဝင်ပါသည်။

ကမ္ဘာပေါ်ရှိ E-waste ကုန်သွယ်မှုနှင့် E-waste Processing Industry များ

ကမ္ဘာပေါ်တွင် E-waste ကုန်သွယ်မှုဖြင့် အကျိုးစီးပွားဖြစ်ထွန်းနေသော နိုင်ငံများအနေဖြင့် ဆင်းရဲသောနိုင်ငံများနှင့် ဆက်နွယ်နေကြကြောင်း လေ့လာသိရှိရပါသည်။ ယနေ့ ကမ္ဘာတွင် E-waste များကို ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ တင်ပို့လျက်ရှိရာ တရုတ်၊ မလေးရှား၊ အိန္ဒိယ၊ ကင်ညာနှင့် အာဖရိကနိုင်ငံများသို့ မကြာခဏ တရားမဝင်တင်ပို့နေကြောင်း သိရှိရပါသည်။ ဆင်းရဲသောဟေတီနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများထက် နယူးယောက်ဆိပ်ကမ်းနှင့် ပို၍ နီးကပ်လျက်ရှိကြောင်းသိရှိရပါသည်။

သို့သော် E-waste များကို ဟေတီနိုင်ငံထက် အာရှနိုင်ငံများသို့ နယူးယောက်မှ ပို၍တင်ပို့နေကြပါသည်။ အာရှတိုက်နိုင်ငံတချို့တွင် ထောင်ပေါင်းများစွာသောလုပ်သား (မိန်းမ+ ယောက်ျား)များသည် စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်း (Reuse)၊ ပြန်လည်မွမ်းမံခြင်း (Refurbishing)၊ ပြန်လည်ပြုပြင်ခြင်း (Repair)နှင့် ပြန်လည်ထုတ်လုပ်ခြင်း (Remanufacturing)တို့ကို လုပ်ကိုင်နေကြရသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ E-waste Processing Industry နှင့်ပတ်သက်၍ လုပ်သားဦးရေလျော့နည်းလာပါသည်။

ဆိုလိုသည်မှာ ၄င်းနိုင်ငံရှိ လုပ်သားများမှာ E-waste ၏ ဆိုးကျိုးများအား သိရှိလာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ E-waste များအား Recycle နည်းဖြင့် အသုံးပြုသည့်နည်းစနစ်မှာ လဟာပြင်ရှိမီးဖိုတွင် ပလတ်စတစ်များ အရည်ပျော်စေရန်နှင့် အသုံးမဝင်သောသတ္တုများ လောင်ကျွမ်းစေရန်အတွက် အပူပေးခြင်းများဖြစ်ကြပါသည်။ ထို့ကြောင့် ၄င်းမှ ကာဆီနိုဂျင်နှင့် နူရိုတော့ဆင်ဓာတ်ငွေ့များ လေထဲလွင့်ထွက်သွားပြီး မီးခိုးမြူမှုန်များ အဖြစ် လေထဲသို့ပျံ့နှံ့သွားနိုင်ပါသည်။ ၄င်းအဆိပ်အတောက်ဖြစ်စေသော မီးခိုးများတွင် Dioxins နှင့် Furans များ ပါဝင်နေပါသည်။

အမေရိကန်နိုင်ငံတွင် စွန့်ပစ်သတ္တုပစ္စည်းများ၏ ၇၀ရာခိုင်နှုန်းသည် စွန့်ပစ်လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း ကိရိယာများဖြစ်ကြောင်း သိရှိရပါသည်။ အသုံးမလိုသည့် လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများသည် ၂၀၀၅ ခုနှစ်တွင် တန်သန်းပေါင်း နှစ်သန်းခန့်ရှိသည်ဟု United States Environmental Protection Agency(EPA) က ဖော်ပြထားပါသည်။ Consumer Electronics Association က အမေရိကန်နိုင်ငံတွင် အိမ်ထောင်စုတစ်စု၏ အသုံးအဆောင်ပစ္စည်းများအတွက် နှစ်စဉ်ဒေါ်လာ ၁၄၀၀ ခန့်သုံးစွဲပြီး လျှပ်စစ်ပစ္စည်း(၂၄)မျိုး အသုံးပြုနေကြောင်း ဖော်ပြထားပါသည်။

အမေရိကန်တွင် Cellphone ပိုင်ရှင်များ၏ ၇ရာခိုင်နှုန်းခန့်သည် ၄င်းတို့၏ Cellphones ဟောင်းများကို စွန့်ပစ်နေကြသကဲ့သို့ရောင်းချပြီး ဖြစ်သော Personal Computers များ၏ ၇၅ရာခိုင်နှုန်းသည် အသုံးပြုကြခြင်းမရှိဘဲ အပိုလျှပ်စစ်ပစ္စည်းများဖြစ်နေသည်ဟု U.S. National Safety Council က ခန့်မှန်းထားပါသည်။ ၄င်းအပြင် အမေရိကန်နိုင်ငံသည် ၄င်းတို့စက်ရုံများမှ ထွက်ရှိနေသော အဆိပ်ဓာတ်ငွေ့အားလုံး၏ ၄၅ရာခိုင်နှုန်းသည် သတ္တုတူးဖော်ခြင်းနှင့် Hard rock mining က ထွက်ရှိနေကြကြောင်း သိရှိရပါသည်။ Greenpeaceအဖွဲ့က အလေအလွင့်အကြွင်းအကျန်ပြဿနာ(Residue problem)သည် သိသာထင်ရှားသည့်အတွက် အသုံးပြုပြီး လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ တင်ပို့ခြင်းကို ပိတ်ပင်တားမြစ်သင့်ကြောင်း အခိုင်အမာပြောဆိုထားသည်ဟု သိရှိရပါသည်။ ၂၀၀၈ခုနှစ် ဇွန်လတွင် E-waste များတင်ဆောင်၍ အမေရိကန်ရှိ Oaklandဆိပ်ကမ်းမှ တရုတ်နိုင်ငံ Sanshui ခရိုင်သို့ ထွက်လာသော သင်္ဘောပေါ်ရှိ ကွန်တိန်နာကို ဟောင်ကောင်တွင် Greenpeace မှ ကြားဖြတ်တားမြစ်ခြင်းခံခဲ့ရသည့်ကိစ္စမှာ သာဓကတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ထို့အတွက် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ် မတ်လ ၂၂ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်လ်မြို့၌ ပြုလုပ်သည့် Basel Conventionမှ သဘောတူညီချက်များ ချမှတ်ခဲ့ပါသည်။ ထိုသဘောတူညီချက်များကို ၁၉၉၂ခုနှစ်မှစ၍ တရားဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂နိုင်ငံ ပါဝင်ပါသည်။ ဥရောပနိုင်ငံများအနေဖြင့်လည်း ၁၉၉၀ခုနှစ်တွင် E-wasteများကို မြေဖို့စွန့်ပစ်ခြင်းတားမြစ်သည့်ဥပဒေကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရပါသည်။ ဆက်လက်၍ ဥရောပတွင်E-waste Processing Industry များပေါ်ပေါက်လာပါသည်။ ၁၉၉၁ခုနှစ်တွင် Switzerland နိုင်ငံ၌ ရေခဲသေတ္တာအဟောင်းများကို စုဆောင်း၍ ပထမဦးဆုံး E-waste recycling systemကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြောင်း သိရှိရပါသည်။ နောက်ပိုင်းတွင် အခြားလျှပ်စစ်ပစ္စည်းကိရိယာများကိုလည်း ဤစနစ်တွင် တဖြည်းဖြည်းပါဝင်လာအောင် ဆောင်ရွက်လာခဲ့ကြောင်းသိရှိရပါသည်။

Recycleလုပ်ခဲ့သည့် E-waste အရေအတွက်မှာ တစ်နှစ်လျှင် လူတစ်ဦးအတွက် ၁၀ ကီလိုဂရမ် ကျော်လွန်ခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် EU နိုင်ငံကလည်း ထုတ်လုပ်သူများအနေဖြင့် ပြန်လည်အသုံးပြုခြင်း (Recover, Reuse and Recycling) နှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများပါဝင်သော ညွှန်ကြားချက်စည်းမျဉ်းများကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။ ထိုအကျိုးဆက်အနေဖြင့် ဥရောပနိုင်ငံများတွင် နှစ်စဉ်နှစ်တိုင်းထွက်ရှိသည့် E-waste များသည် နောင်လာမည့် ၁၂ နှစ်ကြာလျှင် လက်ရှိအနေအထားထက် နှစ်ဆနီးပါးမျှ ထွက်ရှိလာနိုင်ကြောင်း တွက်ဆထားသဖြင့် မကြာသေးမီက ဥရောပပါလီမန်မှ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီများအား အကယ်၍ ၄င်းတို့ပစ္စည်းများကို သုံးစွဲသူများမှ စွန့်ပစ်သည့်အခါတွင် အဆိုပါ သက်ဆိုင်ရာကုမ္ပဏီများမှ ပြန်လည်သိမ်းဆည်းသွားရန် ဥပဒေထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ၁၉၉၈ခုနှစ် စက်တင်ဘာလ ၁၀ရက်နေ့တွင် နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့၌ ပြုလုပ်ခဲ့သည့် Rotterdam Convention မှလည်း လူတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ကုန်သွယ်မှုပြုခြင်းဆိုင်ရာ သဘောတူညီချက်များကိုလည်း ချမှတ်ခဲ့ပြီး ၂၀၀၄ခုနှစ်မှ စတင်၍ တရားဝင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်မည့် အော်ဂဲနစ်ညစ်ညမ်းပစ္စည်းများ တားမြစ်လျှော့ချရေးနှင့် ပတ်သက်သည့် သဘောတူညီချက်ကို ၂၀၀၁ခုနှစ် မေလ၂၃ရက်နေ့က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပသည့် Stockholm Convention ၌ သဘောတူဆုံးဖြတ်ခဲ့ကြပြီး ၂၀၀၄ခုနှစ်မှ စတင်၍ တရားဝင်ဆောင်ရွက်ခဲ့ကြကာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၉နိုင်ငံပါဝင်ကြောင်းတို့ကို သိရှိရပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ UNEP သို့ တင်သွင်းသော Recycling from E-waste to Resources အစီရင်ခံစာတွင် ကမ္ဘာနှင့်အဝန်း E-waste များ တစ်နှစ်လျှင် တန်ချိန်သန်းပေါင်း ၄၀ခန့် တိုးပွားနေကြောင်း လေ့လာသိရှိရပါသည်။

E-waste ကြောင့် လူသားတို့အပေါ် ကျန်းမာရေးနှင့် ပတ်သက်၍ ဖြစ်ပေါ်စေတတ်သော အကျိုးဆက်များ–

(က) ခဲ {Lead (Pb)}ပါဝင်သည့် ကွန်ပျူတာအတွင်းတပ်ဆင်ထားသည့် ဆားကစ်ဘုတ်ပြားများ၊ ဖန်ပြွန်များ၊ ဂက်စ်ကတ်ကိုယ်ထည်များ (Solder in Printed Circuit Boards, Glass, Panels and Gaskets in Computer Monitors)အား ထပ်မံဖြုတ်ယူတပ်ဆင်ခြင်း၊ ဂဟေဆော်ခြင်းပြုလုပ်ရာတွင် လူ၏ဗဟိုအာရုံကြောစနစ်နှင့် ဆက်စပ်အာရုံကြောစနစ်များ၊ သွေးလှည့်ပတ်မှုစနစ်များနှင့် ကျောက်ကပ်များကို ထိခိုက်ပျက်စီးစေခြင်း၊ ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း၊

(ခ) Cadmium- (CD) ပါဝင်သော ချစ်(စ်)ပြားအတွင်းရှိ ရီစစ္စတာများ၊ လျှပ်ကူးပစ္စည်းများအား [Chip Resistor and Semiconductors] စနစ်မကျ ပြန်လည်ဖြုတ်ယူတပ်ဆင်ခြင်း၊ မီးရှို့ခြင်းများပြုလုပ်မှုကြောင့် လူသားတို့အပေါ် အဆိပ်များသင့်စေခြင်း၊ ကျောက်ကပ်နှင့် အသည်းလုပ်ဆောင်ချက်များအား ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ အာရုံကြောများပျက်စီးစေခြင်း၊

(ဂ) ပြဒါး {Mercury (Hg)} ပါဝင်သော ရီလေးများ၊ ခလုတ်များ၊ ဆားကစ်ဘုတ်များ (Relays and Switches Printed Circuit Boards)အား စနစ်မကျ ပြန်လည်ဖြုတ်ယူတပ်ဆင်ခြင်း၊ မီးရှို့ခြင်းပြုလုပ်မှုကြောင့် လူ့ဦးနှောက်အား နာတာရှည်ပျက်စီးစေခြင်း၊ ငါးများတွင်အဆိပ်များစုစည်းဖြစ်ပေါ်ခြင်းကြောင့် အသက်ရှူလမ်းကြောင်းနှင့် အရေပြားများကို ပျက်စီးယိုယွင်းစေခြင်း၊

(ဃ) ခရိုမီယမ်ဓာတ်သတ္တု {Hexavalent Chromium (Cr)} ပါဝင်သော စတီးလ်ကိုယ်ထည်နှင့် စတီးလ်ပြားများကို သံချေးမတက်စေရန် သွပ်ရည်စိမ်ထားခြင်းများ ပြုလုပ်ခြင်း၊ စနစ်မကျခြင်းကြောင့် လူတို့ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာဖြစ်စေခြင်း၊ မျိုးရိုးဗီဇ DNA ကို ပျက်စီးစေခြင်း၊

(င) (PVC) ပါဝင်သည့် ပလတ်စတစ်များ အရည်ကျိုခြင်း၊ မီးရှို့ခြင်းလုပ်ငန်းများ ပြုလုပ်ခြင်း၊ ကေဘယ်လ်ကြိုးများနှင့် ကွန်ပျူတာကိုယ်ထည်ပြုလုပ်ရာတွင် {Cabling and Computer Housing} ဒိုင်အောက်ဆင်း{Dioxins} များထွက်ပေါ်လာနိုင်ပြီး ၄င်းဒိုင်အောက်ဆင်းများသည် လူသားမျိုးဆက်ပြန့်ပွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပြဿနာဖြစ်ပေါ်စေခြင်း၊ ကိုယ်ခန္ဓာအတွင်းခုခံအားစနစ်ကို ပျက်စီးစေခြင်း၊ ဟော်မုန်းများပုံမှန်တည်ရှိမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊

(စ) ဘရိုမင်းပါဝင်သော မီးသတ်ပစ္စည်းများ{Brominated Flame Retardants (BFR)}၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆားကစ်ဘုတ်များ၏ ပလတ်စတစ်ကိုယ်ထည်များကို {Plastic Housing of Electronic Equipments and Circuit Boards} စနစ်မကျပြန်လည်တပ်ဆင်ခြင်းနှင့် မီးရှို့ခြင်းပြုလုပ်မှုကြောင့် လူ့ခန္ဓာကိုယ်အတွင်းပိုင်းရှိ အင်္ဂါအစိတ်အပိုင်းများအား အန္တရာယ်ဖြစ်ပွားစေနိုင်ခြင်း၊ *စာမျက်နှာ ၇ ကော်လံ ၁*

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တီထွင်ကြံဆ၍ စေတနာထားပြီး အလုပ်ကိုကြိုးစားလုပ်ကိုင် စက်မှုနိုင်ငံတော်တည်ဆောက်ရေး တက်ကြွစွာပါဝင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်း သာဂရစက်မှုနယ်မြေသို့ ရောက်ရှိပြီး သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန Central Lab ရှိ ပစ္စည်းကိရိယာများ၏ တပ်ဆင်ထားရှိမှုအခြေအနေ၊ ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ၏ 6V, 8V, 12V Engine များ၊ Crank shaft, Connecting rod များ ထုတ်လုပ်ပြီးစီးမှု၊ machining ဆောင်ရွက်နေမှု၊ 3D measuring စက်ဖြင့် တိကျတိုင်းထွာမှုများကိုလည်းကောင်း၊ 29t Excavator ထုတ်လုပ်မှု၊ 22t Buldozer ထုတ်လုပ်မှု၊ mini excavator, forklift, 14t Compactor ထုတ်လုပ်မှုများ၊ ရေတွင်းတူးစက်ထုတ်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလုပ်ကြိုးစား

ထို့နောက် စက်ရုံနယ်မြေရှိ အရာထမ်းများအားတွေ့ဆုံ၍ တီထွင်ကြံဆနိုင်စွမ်းရှိကြရန်၊ စေတနာထား အလုပ်ကြိုးစားပြီး စက်မှုနိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေး သန္နိဋ္ဌာန်စိတ် ပြင်းပြစွာထားရှိကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၄၄)
၁၂း၀၀ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆိုနာလေးရဲ့ပေါင်မုန့်ဆိုင်**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၄း၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂၉)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ တရားတော်
၄း၂၀ ၄။ မျိုးချစ်တပ်မတော်
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ ဘဝကြေးမုံ **ထာဝရအရိပ်** ဇေယျာ၊ ယုသန္တာတင် ဒါရိုက်တာ-ဆဲဗင်း (I.C)
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၃၂)
၁၈။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၁)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဧပြီ ၂၄

အထက(၁)စမ်းချောင်း မြတ်ဆရာပူဇော်မည်

အထက(၁)စမ်းချောင်းတွင် ၁၉၈၁ခုနှစ်နောက်ပိုင်း ကျောင်းသား ကျောင်းသူဟောင်းများက ဆရာသမားများ၏ဂုဏ်ကျေးဇူးကို ပူဇော်သောအားဖြင့် မြတ်ဆရာပူဇော်ပွဲကို မေ၁ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန အာစရိယပူဇော်ပွဲ

၁၉၉၂ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဗဟန်းမြို့နယ် အားကစားဝင်းအတွင်းရှိ M-3 Food Centre ၌ ဧပြီ ၂၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ကုန်သည်/စက်မှုအသင်းချုပ် စုံညီစည်းဝေးကြမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၃၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလှူရှင်များ ပါဝင်သွေးလှူဒါန်းနိုင်

သွေးလိုအပ်သူများအတွက် ကူညီပေးနိုင်ရန် ရန်ကုန်တိုင်း သာကေတမြို့နယ် သုမနသွေးလှူရှင်အဖွဲ့၏ စတုတ္ထအကြိမ်မြောက် သွေးလှူဒါန်းပွဲကို အသင်းတည်ရှိရာ သုမနဓမ္မဗိမာန် သုမနလမ်းမကြီး (၅)ရပ်ကွက် တောင်ပိုင်း သာကေတမြို့နယ်၌ ဧပြီ ၂၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၅၀-၇၆၁၃၈နှင့် ၀၉-၅၈-၄၀၅၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မေ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးနှင့်အတူ အသင်းဝင်များ၏ ထုတ်ကုန်ပစ္စည်းဈေးရောင်းပွဲကိုပါ ကျင်းပမည်ဖြစ်သည်။

မြန်မာ-တရုတ် ဝူရှူးသရုပ်ပြပွဲကျင်းပမည်

မြန်မာ-တရုတ် ဝူရှူးသရုပ်ပြပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဧပြီ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံ၊ အာရှချန်ပီယံနှင့် တရုတ်နိုင်ငံမှ ချန်ပီယံများအပါအဝင် မြန်မာနိုင်ငံမှ လက်ရွေးစင်ဝူရှူးကစားသမားများနှင့် လူငယ်ကစားသမားများလည်း ပါဝင်သရုပ်ပြသမည်ဖြစ်ပြီး အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြသည်။

နွေရာသီ ရေကူးသင်တန်းတက်ရောက်နိုင်

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်ရေကူးအသင်း၏ ၂/၂၀၁၀ နွေရာသီအထူးရေကူးသင်တန်းကို ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၃၇၈၅၅၀သို့ ဆက်သွယ်နိုင်သည်။

ရွှေမင်းသားဖောင်ဒေးရှင်း နှစ်ပတ်လည်ကျင်းပမည်

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)တည်ထောင်ခြင်း (၂)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို မေ ၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အလှူငွေများပေးအပ်ခြင်းနှင့် အနုပညာဖြင့် ဖျော်ဖြေခြင်းတို့ကို ကျင်းပမည်ဖြစ်သည်။

စာအုပ်အရောင်းပွဲ ခင်းကျင်းပြသရောင်းချ

ကမ္ဘာ့စာအုပ်နေ့ အထိမ်းအမှတ်အဖြစ် စာအုပ်အရောင်းပွဲကို အမှတ် ၁၃၈/၁၄၀ (ပထမထပ်) ပန်းဆိုးတန်းလမ်း(အလယ်)ရှိ စာပေလောက(၅)၌ ဧပြီ ၂၃ရက်မှစ၍ ၂၅ရက်အထိ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှု ဝယ်ယူနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါကမီးကြွင်းမီးကျန်များငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

စာမျက်နှာ ၆ မှ

(ဆ) Barium (Ba) ပါဝင်သော Cathode Ray Tubes (CRTs) များ၏ အရှေ့ဘက် ကိုယ်ထည်များအား {Front Panel} စနစ်မကျတပ်ဆင်ခြင်း၊ မီးရှို့ခြင်းပြုလုပ်မှုကြောင့် ထိတွေ့မိသည့် ခဏတာအတွင်း လူ၏ကြွက်သားများအားနည်းစေခြင်း၊ နှလုံး၊ အသည်းနှင့် သရက်ရွက်တို့အား ပျက်စီးစေခြင်း၊

(ဇ) Beryllium(Be)ပါဝင်သော ကွန်ပျူတာဦးနှောက်များအား {Mother -board} စနစ်မကျပြန်လည်ဖြုတ်ယူတပ်ဆင်ခြင်း၊ မီးရှို့ခြင်းများပြုလုပ်မှုကြောင့် လူတို့အတွက် ကင်ဆာဖြစ်စေသည်(အဆုတ်ကင်ဆာ)၊ အငွေ့နှင့် အစအနများကိုရှူမိခြင်းသည် နာတာရှည် Beryllium ရောဂါ သို့မဟုတ် Beryllicosis ဖြစ်စေခြင်း၊ အရေပြားပေါ်တွင် ကြွက်နို့ကဲ့သို့သော အသားမာများဖြစ်စေခြင်းစသည့် ကျန်းမာရေးနှင့်ပတ်သက်၍ အန္တရာယ်အကျိုးဆက်များ ဖြစ်ပွားလာနိုင်ပါသည်။

(Source; ENVIRONMENTALLY SOUND OPTIONS FOR E-WASTES MANAGEMENT
*** Ramachandra T.V., Saira Varghese K.)**

မြန်မာနိုင်ငံနှင့် E-waste ဆက်နွှယ်မှု

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် လူ့အသုံးအဆောင်ပစ္စည်းများတွင် မရှိမဖြစ်သည့် လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများအား ပြည်ပနိုင်ငံများမှ အသစ်စက်စက်ပစ္စည်းများအဖြစ် တင်သွင်းခဲ့သည့်နည်းတူ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း အဟောင်းများဖြစ်သည့် တီဗွီအဟောင်း၊ ကွန်ပျူတာအဟောင်း၊ Laptops အဟောင်းများ၊ မိတ္တူကူးစက်အဟောင်းများ၊ တယ်လီဖုန်းအဟောင်းများ၊ ဖက်စ်စက်အဟောင်းများ၊ Audio အသံပိုင်းဆိုင်ရာ ပစ္စည်းအဟောင်းများ၊ ရေခဲသေတ္တာ အဟောင်းများ၊ လေအေးစက်အဟောင်းများ တင်သွင်းခဲ့သည်မှာ အများပြည်သူ အသိပင် ဖြစ်ပါသည်။

ယင်းပစ္စည်းများကို မြန်မာနိုင်ငံရှိ မြို့နယ်များအနှံ့ လျှပ်စစ်ပစ္စည်း အဟောင်းဆိုင်များဖွင့်၍ နေရာဒေသအလိုက်၊ Recycle ပစ္စည်းများအဖြစ် ၄င်းဒေသရှိ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း ပြန်လည်ပြုပြင်ပေးသည့် ဆိုင်ငယ်လေးများတွင် ပြန်လည် ပြင်ဆင်ကာ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းအသစ်များထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် နည်းမျိုးစုံဖြင့်ပြင်ဆင်ရောင်းချနေသည်ကို တွေ့ရှိနိုင်ပါသည်။ ထို့အတွက် မြန်မာနိုင်ငံအတွင်းရှိ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း အသစ်ထုတ်လုပ်သည့် စက်ရုံများမှလည်း ဖော်ပြပါအန္တရာယ်ရှိနိုင်သည့် လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန် စည်းကမ်းချက်များ ချမှတ်လိုက်နာ ထုတ်လုပ်သွားရန်လိုအပ်လာပါမည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းအဟောင်းများသည် လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းအသစ်များထက် အများပြည်သူတို့ ဝယ်ယူသုံးစွဲရာတွင် ဈေးနှုန်းသက်သာသော်လည်း ၄င်းလျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းအဟောင်း E-waste များအား ပြန်လည်ပြင်ဆင်အသုံးပြုရာတွင် ကျန်းမာရေးအန္တရာယ်ဖြစ်စေမည့် အကျိုးသက်ရောက်မှုများ ဖြစ်ပွားလာနိုင်ပါသဖြင့် အများပြည်သူများ အီလက်ထရွန်နစ်နှင့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများရှိ သတိထားသင့်သည့် အန္တရာယ်များကို သိရှိရှောင်ကြဉ်နိုင်ရန် အသိပေး စုစည်းလေ့လာတင်ပြလိုက်ရပါသည်။ ။

လူနာပြုစုစောင့်ရှောက်မှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၄

စင်ကာပူနိုင်ငံအပါအဝင် ပြည်ပနိုင်ငံ ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများ၌ အလုပ်ခွင်ဝင်ရောက်နိုင်မည့် လူနာပြုစုစောင့်ရှောက်သူများ သင်ကြား လေ့ကျင့်စစ်ဆေးပေးမည့် သင်တန်းကို Endeavor Consultancy Co., Ltd. က မေ ၅ရက်မှ စတင်၍ ရန်ကုန်မြို့၌ ပုံမှန်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းမှာ စင်ကာပူသူနာပြု သင်ကြားသူက ပို့ချသင်ကြားလေ့ကျင့်ပေးမည့် ရက်တိုသင်တန်းဖြစ်ပြီး တက်ရောက်သူများကို စင်ကာပူအသိအမှတ်ပြု အောင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကာ သင်တန်းကို အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။ ပြည်တွင်းသူနာပြုအကူသင်တန်းများ၌ တက်ရောက်ထားပြီးသူများအတွက်လည်း ပြည်ပ၌ စနစ်တကျ ဂုဏ်သိက္ခာရှိရှိ မိမိ၏ပညာအရည်အချင်းနှင့် ကိုက်ညီသော အလုပ်ခွင်ဝင်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းအတွက် အသေးစိတ်အချက်အလက်များကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ပုလဲကွန်ဒိုရှိ Learning & Assessment Centre ဖုန်း ၀၉-၈၆၂၈၉၇၀၊ ၀၉-၉၉၇၃၂၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ဧပြီ ၄ရက်က ကြားတောရလမ်း ဗဟန်းမြို့နယ် တရားရုံးချုပ်မွှာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က အသင်းဝင်၏သမီး ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၁၃)

ရောဝတီတံတား (ပခုက္ကူ) RP-9 Pile Cap ပိုင်တိုင် ထိပ်ခွဲညှိခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၁၉ရက်က ဤသို့ တွေ့ရသည်။

○ *ရှေ့ဖုံးမှ*

မွန်းလွဲပိုင်းတွင်မူ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်၏ ညှိနှိုင်းစီစဉ်ပေးမှုဖြင့် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ခရီးဆက်ခဲ့သည်။

မျက်စိတစ်ဆုံး

လက်ပန်ခြေပေါ်ကျေးရွာသည် ညောင်ဦး-မြင်းခြံကားလမ်းပေါ်တွင်ရှိပြီး ညောင်ဦးမှ ၁၃မိုင်ကျော်ကွာဝေးသည်။ ညောင်ဦး - မြင်းခြံကားလမ်းတစ်လျှောက် အချို့သောလမ်းဘေးဝဲယာများတွင် နွေ၏ပြယုဂ်ထနောင်းပင်နှင့် ထန်းပင်တို့အကြား မြစိမ်းရောင်အဆင်း စပါးခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။

စာရေးသူအံ့သြရသည်။ အပူချိန် ၄၄ဒီဂရီစင်တီဂရိတ်မျှရှိနေသော အညာမြေတွင် မြစိမ်းကမ္ဗလာအလား စပါးခင်းများကို အဘယ်ကြောင့် မြင်တွေ့နေရပါသနည်း။

"ဒီနေရာမှာ သူကောင်းတည် မြစ်ရေတင်စီမံကိန်းနဲ့ လက်ပန်ခြေပေါ် မြစ်ရေတင် စီမံကိန်းရှိတယ်လေ။ နွေမှာ ဧရာဝတီမြစ်ရေ ကျနေပေမယ့် ကျန်နေတဲ့ ဧရာဝတီမြစ်ရေကို မြစ်ရေတင် လုပ်ငန်းတွေက စိုက်ပျိုးရေ သုံးဖို့တင်ပေးနေတယ်" ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက ရှင်းပြသည်။

ရေတသွင်သွင်

မှန်ပါသည်။ စပါးခင်းများအကြား ရေတသွင်သွင် စီးနေသော ရေသွယ်မြောင်းများကို တွေ့လိုက်ရ၏။ ရေရှိလျှင် မည်မျှပူသည့်နွေပင်ဖြစ်လင့်ကစား စပါးတို့ ပျော်ကြလေသည်။

သို့နှင့် မကြာမီ လက်ပန်ခြေပေါ်ကျေးရွာဆီသို့ စာရေးသူတို့ရောက်ခဲ့ကြသည်။ ညောင်ဦး-မြင်းခြံလမ်း၏ ဝဲဘက်သို့ကားကို ချိုးကွေ့လိုက်၏။ ခပ်လှမ်းလှမ်းတွင် ဧရာဝတီမြစ်ရေပြင်နှင့် ဆောက်လက်စ ဧရာဝတီတံတား(ပခုက္ကူ)၏ မြင်ကွင်းကို တွေ့လိုက်ရသည်။

နွေလယ်ဖြစ်၍ ရေကျကာ ဧရာဝတီမြစ်ရေအား မြစ်လယ်တွင် စု၍နေပြီ။ သဲသောင်ပြင်များကို မျက်စိတစ်ဆုံး တွေ့နေရသည်။

စာရေးသူတို့စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ၌ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ဝမ်းသာအားရ ကြိုဆိုကြသည်။ ကြိုတင်အကြောင်းကြား ညှိနှိုင်းထားသဖြင့် ရှင်းလင်းဆောင်အတွင်း ဧရာဝတီတံတား(ပခုက္ကူ)၏ ဗိသုကာများကို တစုတဝေးတည်း တွေ့ရသည်။

ရှင်းလင်းဆောင်မှ ကြည့်လိုက်သောအခါ စိုက်ထူလက်စ ပိုင်တိုင်များ၏ လုပ်ငန်းခွင်ကို မျက်စိတစ်ဆုံး လှမ်းတွေ့ရသည်။ နွေကာလ ရေကျချိန်ဖြစ်ရာ ဝန်ထမ်းများနှင့် လုပ်သားများ သဲသောင်ပေါ်တွင် ပိုင်တိုင်များကို ကြိုးစားပမ်းစား မနားမနေ ဆောက်လုပ်

ရောဝတီတံတား (ပခုက္ကူ) RP-30 Pile Cap ပိုင်တိုင် ထိပ်ခွဲညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၁၉ရက်က ဤသို့ တွေ့ရသည်။

စိုက်ထူနေကြသည်ကို တွေ့ရသည်။ နှစ်သစ်ကူးသင်္ကြန် ရုံးပိတ်ရက်များပင်ဖြစ်လင့်ကစား ဝန်ထမ်းများ မနားမနေ လုပ်ငန်းခွင်ဝင်နေခြင်းကို အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးအား မေးမြန်းကြည့်ရာ- "ခုလိုနွေကာလမှာ ဧရာဝတီမြစ်ရေကကျတော့ သဲသောင်တွေပေါ်လာတယ်လေ။ မြစ်ရေကျချိန်ပေါ်တဲ့ သဲသောင်ပေါ်မှာ အခုမြင်တွေ့ရတဲ့အတိုင်း တံတားပိုင်တိုင်တွေကို အချိန်နဲ့အမျှ စိုက်ထူဆောက်လုပ်နိုင်မှ အလုပ်က ပိုပြီး ခရီးရောက်မှာပါ။ မိုးကျလာရင်တော့ ရေများလာပြီး အလုပ်လုပ်ရတာ နည်းနည်းခက်ပါတယ်" ဟုဖြေကြားသည်။

ဆက်သွယ်

တံတားစီမံကိန်းနှင့် စပ်လျဉ်း၍ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက ဆက်လက်ဖြေကြားရာတွင်- "ဧရာဝတီတံတား(ပခုက္ကူ)ဟာ ညောင်ဦးဘက်ကမ်း လက်ပန်ခြေပေါ်ကျေးရွာနဲ့ ပခုက္ကူမြို့ကိုဆက်သွယ်တဲ့ တံတားကြီးဖြစ်ပါတယ်။ တံတားကြီးတည်ဆောက်ရေးစီမံကိန်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၁၅ရက် စတင်ခဲ့ပါတယ်။"

ခံနိုင်ဝန်အား

တံတားတည်ဆောက်မှုနှင့်စပ်လျဉ်း၍ အင်ဂျင်နီယာမှူးကြီးက ဆက်လက်ရှင်းပြသည်မှာ- "ဒီတံတားကြီးမှာ ရထားလမ်း၊ ကားလမ်းပါဝင်မှာ ဖြစ်ပါတယ်။ ပင်မတံတားဟာ ၂ဒသမ ၁၆မိုင်ရှိပါမယ်။ ပေအားဖြင့်တော့ ၁၁၄၃၁ ပေ ဖြစ်ပါမယ်။ ချဉ်းကပ်တံတား ပါပါရင်တော့ ၃မိုင်ကျော် ရှိပါမယ်။ လူသွားလမ်းက ၃ ပေ ၃လက်မ ရှိပါမယ်။ တံတားခံနိုင်ဝန်အားက တန် ၆၀ဖြစ်ပါတယ်။"

တည်ဆောက်

ယခုအခါ ဧရာဝတီတံတား(ပခုက္ကူ) တံတားကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်း သုံးနေရာစလုံး၌ နေ့မအားညမနား တည်ဆောက်လျက်ရှိသည်။ ပခုက္ကူဘက်ကမ်းမှာတော့ အင်ဂျင်နီယာချုပ်(တံတား) ဦးရွှေလေးက တာဝန်ယူ တည်ဆောက်နေကြောင်း သိရသည်။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိ သံပေါင်ဖြစ်သည်။ ခန်းဖွဲ့ ဖွဲ့စည်းပုံမှာ ၁၀၀မီတာ × ၁ခန်း၊ ၁၂၀မီတာ × ၁၉ခန်း၊ ၁၀၀မီတာ × ၅ခန်း၊ ၁၂၀မီတာ × ၄ခန်း၊ ၁၀၀ မီတာ × ၁ခန်းတို့ ဖြစ်ကြသည်။

အရှည်ဆုံးတံတားကြီး

ကားလမ်းမှာ နှစ်လမ်းသွားဖြစ်ပြီး အကျယ်၂၈ပေရှိသည်။ ရထားလမ်းမှာ ၁၄ပေအကျယ် ရှိမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မြစ်ကူးတံတားများအနက် သံလွင်တံတား(မော်လမြိုင်)သည် ပေပေါင်း ၁၁၅၇၅ပေဖြင့် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်နေခဲ့သော်လည်း ယခုတံတားကြီး ပြီးစီးသွားပါက ဧရာဝတီတံတား (ပခုက္ကူ)မှာ ရထားလမ်းအပါအဝင် စုစုပေါင်းအရှည်ပေ ၁၉၀၀၀ကျော်ဖြင့် မြန်မာနိုင်ငံ၌ အရှည်ဆုံး တံတားကြီး ဖြစ်လာပေတော့မည်။

ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်နေစဉ် ဓာတ်ခွဲခန်းတွင် သဲ၏ ရေချိန်သိပ်သည်းဆကို ဤသို့ စမ်းသပ်ခဲ့သည်။

အဆိုပါတံတားကြီးကို ယခုအခါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်ထမ်းပေါင်း ၇၅ဦးနှင့် ယာယီလုပ်သား ၈၇၀ စုစုပေါင်း ၉၄၅ဦးတို့ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ထို့ထက်အံ့သြဖွယ် သိရှိသည်မှာ- **"ဒီတံတားကြီးကို မြန်မာအင်ဂျင်နီယာတွေရဲ့ စွမ်းပကားတွေနဲ့ပဲ တည်ဆောက်နေတာပါ။ နိုင်ငံခြားသားပညာရှင်တွေရဲ့ အကူအညီ လုံးဝမပါပါဘူး။ ကိုယ့်နိုင်ငံက တံတားကို ကိုယ့်ပြည်တွင်းက အင်ဂျင်နီယာတွေရဲ့ စွမ်းပကားနဲ့ပဲ တည်ဆောက်နေတာပါ။"**

မြန်မာအင်ဂျင်နီယာများ

အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုး၏ စကားကိုကြားရတော့ စာရေးသူ ရင်တွင်းမှ အားရကျေနပ်သော ပီတိများ တဖွားဖွား ဖြစ်ပေါ်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ အရှည်ဆုံးဖြစ်လာမည့် တံတား၊ ရထားလမ်း၊ ကားလမ်းနှင့် လူသွားလမ်းများ အစုံအညီ ပါဝင်မည့် တံတား၊ ပိုင်တိုင်ပေါင်း ၃၁တိုင်၊ ခန်းဖွဲ့ ၃၀ဖြင့် ပါဝင်ဖွဲ့စည်းမည့် တံတား။ သည်တံတားကြီးကို နိုင်ငံခြားသား အကူအညီမပါ၊ မြန်မာ အင်ဂျင်နီယာများကသာ တည်ဆောက်နေကြသည်ကို သိလိုက်ရတော့ စာရေးသူ

"ဒီတံတားကြီးကို မြန်မာအင်ဂျင်နီယာတွေရဲ့ စွမ်းပကားတွေနဲ့ပဲ တည်ဆောက်တာပါ။ နိုင်ငံခြားသား ပညာရှင်တွေရဲ့ အကူအညီ လုံးဝမပါပါဘူး"
ဦးဟန်စိုး (အင်ဂျင်နီယာမှူးကြီး)။

တွေ့ရှိတဲ့ တံတားကြီးကို အင်ဂျင်နီယာချုပ်နဲ့ အင်ဂျင်နီယာမှူးကြီးတို့ဦးဆောင်တဲ့ ဝန်ထမ်းတွေဆောက်လုပ်လို့ ပြီးစီးသွားတဲ့အခါ ကိုယ်တိုင် အဲဒီတံတားကြီးပေါ် ဖြတ်သန်းရတဲ့ အချိန်တွေမှာ၊ ပြီးတော့ အဲ့ဒီတံတားကြီးပေါ် ပြည်သူ တွေ ဖြတ်သန်းသွားလာနေတာကို တွေ့မြင်ရတဲ့အချိန်တွေမှာ အင်ဂျင်နီယာမှူးကြီးရင်ထဲ ဖြစ်ပေါ်လာမယ့် ခံစားမှု ပီတိကို ကြိုတင်ခံစားပြီး ပြောပြနိုင်မလား။"

အင်ဂျင်နီယာမှူးကြီး၏ ရင်ထဲမှ စကားများ လှိုက်လှဲဝမ်းသာစွာ ဤသို့ ပေါ်ထွက်လာခဲ့ပါသည်။ **"မြန်မာနိုင်ငံသားတစ်ယောက်၊ မြန်မာလူမျိုးတစ်ယောက်၊ မြန်မာအင်ဂျင်နီယာတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ကြိုးစားပမ်းစား**

သာမက စာဖတ်သူများပါ ရင်တွင်း ပီတိ ဖြစ်ကြရမည်သာ။

သည်ထက်ပိုလို့ ပီတိများပွား၊ ကြည်နူးမှုများ ခံစားရမည့်သူများကား တံတားတည်ဆောက်ရေးတွင် ပါဝင်နေကြသည့် အင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းများပင် ဖြစ်မည်မဟုတ်ပါလား....။

၄င်းနှင့်ပတ်သက်လို့ စာရေးသူ မေးလိုက်မိသည်မှာ- "အင်ဂျင်နီယာမှူးကြီးကို တစ်ခုမေးချင်ပါတယ်၊ ဒီတံတားကြီးဟာ မြန်မာနိုင်ငံမှာ အရှည်ဆုံးလည်း ဖြစ်လာမယ်၊ ရထားလမ်း၊ ကားလမ်း၊ လူသွားလမ်းတွေလည်း အစုံအလင်ပါမယ်၊ ပြီးတော့ မြန်မာအင်ဂျင်နီယာတွေရဲ့ စွမ်းအားတွေနဲ့ပဲ ဆောက်လုပ်တာလည်း ဖြစ်တယ်။ ဒီလိုထူးခြားတဲ့ ဂုဏ်ပုဒ်

အကောင်အ... ပေးခဲ့ရတဲ့ ... တွေ ကောင... စီးပွားရေး ... အဘက်ဘ... ကို မျှော်... တရာမှ ပီ...

အင်ဂျ... ချက်များသ... လာသည့် ... ဖြစ်ပါသည... စူးစမ်းမေး... ခွင်မှ တည... များ၏ ... လိုခြင်းသ... မဟုတ်ပါ...

တကဝ... တည်ဆော... ရေးလုပ်ငန်... တံတားကြီ... ဖြတ်သန်းသ... ပြည်သူများ... ပေးသူများ... မေတ္တာစက... သည် တံတ... အတွက် ရ... သော ကုသ... ပါလား။ ... ဖြတ်သန်းကြ... များ၏ ... စကားများ... ရရှိကြမည်... မဟုတ်ပါ...

ဤမျှ... အတွက်လည... အဘိုး၊ အ... ခဲ့သော တံ... ဂုဏ်ယူဖွယ... သမိုင်းတွင...

စာရေး... ဦးဟန်စိုးန... တွေ့ဆုံ ... အတော်ပင...

ပိတ်ရ... လုပ်ငန်းခွ... များအား

ရောဝ... ခွင်မှ စာရေ... လာချိန်၌မူ... ဘက်ဆီသို... ပြီ။ ရောဝ... အလှသည်... တော့သည်...

ရောဝတီတံတား(ပခုက္ကူ) တည်...

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်လာ... ကားလမ်းများပါဝင်သည့် ရောဝတီတံတား(ပခုက္ကူ... မှုမြင်ကွင်းကို ဧပြီ ၁၉ရက်က ဤသို့ တွေ့ရသ...

မြန်မာအင်ဂျင်နီယာတွေရဲ့ စွမ်းပကားတွေနဲ့ပဲ ခြားသား ပညာရှင်တွေရဲ့ အကူအညီ လုံးဝမပါ
ဦးဟန်စိုး (အင်ဂျင်နီယာမှူးကြီး)။

တွေရှိတဲ့ တံတားကြီးကို အင်ဂျင်နီယာချုပ်နဲ့ အင်ဂျင်နီယာမှူးကြီးတို့ဦးဆောင်တဲ့ ဝန်ထမ်းတွေဆောက်လုပ်လို့ ပြီးစီးသွားတဲ့အခါ ကိုယ်တိုင် အဲဒီတံတားကြီးပေါ် ဖြတ်သန်းရတဲ့ အချိန်တွေမှာ၊ ပြီးတော့ အဲ့ဒီတံတားကြီးပေါ် ပြည်သူ

(ပခုက္ကူ) တည်ဆောက်နေစဉ် ဓာတ်ခွဲခန်းတွင် ကို ဤသို့ စမ်းသပ်ခဲ့သည်။

တွေ ဖြတ်သန်းသွားလာနေတာကို တွေ့မြင်ရတဲ့အချိန်တွေမှာ အင်ဂျင်နီယာမှူးကြီးရင်ထဲ ဖြစ်ပေါ်လာမယ့် ခံစားမှု ပီတိကို ကြိုတင်ခံစားပြီး ပြောပြနိုင်မလား။”

အင်ဂျင်နီယာမှူးကြီး၏ ရင်ထဲမှ စကားများ လှိုက်လှဲဝမ်းသာစွာ ဤသို့ ပေါ်ထွက်လာခဲ့ပါသည်။ **“မြန်မာနိုင်ငံသားတစ်ယောက်၊ မြန်မာလူမျိုးတစ်ယောက်၊ မြန်မာအင်ဂျင်နီယာတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ကြိုးစားပမ်းစား အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ရတဲ့ တံတားကြီးကို အများပြည်သူတွေ ကောင်းစွာသုံးစွဲနိုင်ပြီး လူမှုရေး၊ စီးပွားရေး စတဲ့ ဒေသဖွံ့ဖြိုးရေးတွေ အဘက်ဘက်က ပိုမိုတိုးတက်လာမှာကို မျှော်တွေးလို့ ကျွန်တော် အလွန်တရာမှ ပီတိဖြစ်ရပါတယ်။”**

အင်ဂျင်နီယာမှူးကြီး၏ ပြောကြားချက်များသည် ၎င်း၏ရင်ထဲမှ ထွက်ပေါ်လာသည့် ခံစားမှု ပီတိစကားများ ဖြစ်ပါသည်။ စာရေးသူ ကွင်းဆင်း၍ စူးစမ်းမေးမြန်းခြင်းသည်ကား လုပ်ငန်းခွင်မှ တည်ဆောက်ရေး စွမ်းပကားရှင်များ၏ ရင်တွင်းမှစကားကို သိရှိလိုခြင်းသည် အဓိကအချက် တစ်ရပ် မဟုတ်ပါလား။

တကယ်တော့ တံတားကြီး တည်ဆောက်ရေးလုပ်ငန်းသည် ကုသိုလ်ရေးလုပ်ငန်းကြီး တစ်ခုပင်ဖြစ်သည်။ တံတားကြီးပြီးစီးပါက နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာကြမည့် တိုင်းရင်းသားပြည်သူများ၏ တံတားတည်ဆောက်ပေးသူများအပေါ် ထားရှိပြောကြားသည့် မေတ္တာစကား၊ ဆုတောင်းစကားများသည် တံတားတည်ဆောက်ပေးသူများအတွက် ရရှိကြမည့် တန်ဖိုးမဖြတ်နိုင်သော ကုသိုလ်တရားများပင် မဟုတ်ပါလား။ နေ့စဉ်နှင့်အမျှ တိုး၍တိုး၍ ဖြတ်သန်းကြမည့် တိုင်းရင်းသားပြည်သူများ၏ မေတ္တာစကား၊ ဆုတောင်းစကားများသည်လည်း တိုး၍တိုး၍ ရရှိကြမည့် ကုသိုလ်တရားများပင် မဟုတ်ပါလား။

ဂုဏ်ယူဖွယ်

ဤမျှမက သားစဉ် မြေးဆက်အတွက်လည်း မိမိအဖေ၊ အမေ၊ မိမိအဘိုး၊ အဘွားတို့ တည်ဆောက်ပေးခဲ့သော တံတားကြီးနှင့် စပ်လျဉ်း၍ ဂုဏ်ယူဖွယ် မှတ်တိုင်တစ်ခုအဖြစ် သမိုင်းတွင်ရစ်ခဲ့မည် မဟုတ်ပါလား။

စာရေးသူတို့ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးနှင့်အဖွဲ့အား အားပါးတရ တွေ့ဆုံ မေးမြန်းပြီးချိန်၌မူ ညနေ အတော်ပင် စောင်းနေခဲ့ပါပြီ။

ပိတ်ရက်မယူ၊ နားရက်မယူ လုပ်ငန်းခွင်ဝင်နေကြသော ဝန်ထမ်းများအား နှုတ်ဆက်လိုက်ပါသည်။

ရေဝတီတံတား(ပခုက္ကူ) လုပ်ငန်းခွင်မှ စာရေးသူတို့ ပြန်လည်ထွက်ခွာလာချိန်၌မူ ဧရာဝတီမြစ် အနောက်ဘက်ဆီသို့ နေမင်းကြီးတိုးဝင်လို့နေပေပြီ။ ဧရာဝတီ၏ ညနေခင်းဆည်းဆာ အလှသည်ကား ရှုမငြီးဖွယ်ပင် ဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ပြီးစီးမှု

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်လာမည့် ရထားလမ်းနှင့် ကားလမ်းများပါဝင်သည့် ရေဝတီတံတား(ပခုက္ကူ)၏ တည်ဆောက်ပြီးစီးမှုမြင်ကွင်းကို ဧပြီ ၁၉ရက်က ဤသို့ တွေ့ရသည်။

မတ်၂၇ရက်က မြောက်ဦးမြို့နယ် တိမ်ညို-ရှင်ကျော်ဘုရား ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လှိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမျိုးဇော်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးသာစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၃)

ရတနာပုံ-ရန်ကုန်ယူနိုက်တက်၊ မကွေး-ဒယ်လ်တာတို့ တစ်မှတ်စီခွဲယူ

➢ သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

မန္တလေး ဧပြီ ၂၄

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းနဲ့ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့မှာ ပြန်လည်ကျင်းပရာ နှစ်ပွဲစလုံး ဂိုးမရှိ သရေပွဲဖြစ်သွားပါတယ်။

ဗထူးကွင်း

ရတနာပုံ - ဂိုးမရှိ
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

ပရိသတ်တွေ စိတ်ဝင်စားမှုအရှိဆုံးပွဲဖြစ်သလို MNL ရဲ့ ထိပ်သီးနှစ်သင်း တွေ့ဆုံတဲ့ ပွဲစဉ်ကတော့ အရှုံးအနိုင်မပေါ်ဘဲပြီးဆုံးသွားရပါတယ်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းနဲ့ ရန်ကုန်ယူနိုက်တက်အသင်းတို့ဟာ အခုပွဲအနိုင်ရဖို့ ပြင်ဆင်မှုတွေ သေချာပြုလုပ်ခဲ့ပေမယ့် သရေနဲ့သာ အဆုံးသတ်ခဲ့ကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ နှစ်သင်းစလုံးကလည်း အမှတ်လိုနေတာကြောင့် အမှားမခံဘဲ ကစားခဲ့ပြီး ပထမပိုင်းမှာ တိုက်စစ်မှူးရန်ပိုင်ရဲ့ အပိုင်ကန်ချက်ကို အောင်အောင်ဦး ကာကွယ်နိုင်ခဲ့တာကြောင့် ရတနာပုံအသင်း နစ်နာခဲ့ရပါတယ်။ ဒုတိယပိုင်းမှာတော့ ရတနာပုံအသင်းဟာ ပိုင်စိုးကိုထည့်ပြီး တိုက်စစ်အား မြှင့်ခဲ့ပါတယ်။ ပိုင်စိုးဝင်လာပြီးနောက်ပိုင်းမှာ ရတနာပုံ တိုက်စစ်ကစားပုံ ကောင်းလာသလို

ရန်ကုန်ယူနိုက်တက်အသင်းပိုင်ရှင် ဦးတေဇက ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားသည့် ဘောလုံးပွဲစဉ်ကို မန္တလေးမြို့သို့ လိုက်လံကြည့်ရှုအားပေးရင်း မန္တလေးမြို့ ဇီဝသုခသားဖွားခန်း၌ သားယောက်ျားလေး မွေးဖွားခဲ့သည့် ရန်ကုန်ယူနိုက်တက် Fan Club အဖွဲ့ဝင် မောင်စိုးနိုင်ဦးနှင့် မသက်မြတ်စိုးမိသားစုအား ထောက်ပံ့ငွေကျပ် ၁၀သိန်း ပေးအပ်စဉ်။

တာဖြစ်ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်တာကြောင့် အသင်းရဲ့ အမာခံပရိသတ် ၃၀၀၀ကျော်ကို အခမဲ့ ခေါ်ဆောင်သွားခဲ့ပြီး အသင်းကိုအားပေးနိုင်အောင် စီစဉ်ပေးခဲ့တာကြောင့် ဗထူးကွင်းမှာ အိမ်ရှင်ပရိသတ်နဲ့အပြိုင် အားပေးနိုင်ခဲ့ပါတယ်။ နှစ်ဖက်ဘောလုံးပရိသတ်တွေကလည်း ကိုယ့်အသင်းအနိုင်ရဖို့အတွက် တစ်ခုတည်းပဲ အာရုံစိုက် အားပေးခဲ့တာကြောင့် ပွဲဟာ အေးချမ်းစွာ ပြီးဆုံးခဲ့ပါတယ်။

လူစုံထုတ်

ထိပ်ဆုံးက ဇေယျာရွှေမြေကို အမီလိုက်ဖို့အတွက် နှစ်သင်းစလုံး လူစုံထုတ်ကာ ပွဲအစကတည်းက ကြိုးစားခဲ့ပါတယ်။ ပထမပိုင်းမှာ ပွဲဟာ အပြန်အလှန်ရှိခဲ့ပြီး ရန်ပိုင်ဦးဆောင်တဲ့ ရတနာပုံတိုက်စစ်နဲ့ အဲရစ်ဆာကီဦးဆောင်တဲ့ ရန်ကုန်ယူနိုက်တက်တိုက်စစ်တို့ဟာ နှစ်ဖက် နောက်တန်းရန်ကုန်နောက်တန်းကိုလည်း အလုပ်ပေးနိုင်ခဲ့ပါတယ်။ မိနစ် ၇၀ကျော်မှာ ပိုင်စိုး ရန်ကုန်ဂိုးသမား အောင်အောင်ဦးကို လိမ်ပြီး အပိုင်ကန်သွင်းပေမယ့် ဘေးထွက်သွားလို့ ဂိုးမရှိသရေနဲ့ အဆုံးသတ်ခဲ့တာ ဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

မကွေး F.C - ဂိုးမရှိ
ဒယ်လ်တာယူနိုက်တက် - ဂိုးမရှိ

အခုပြိုင်ပွဲမှာ ထင်သလောက် ရလဒ်မကောင်းသေးတဲ့ မကွေး F.C နဲ့ ဒယ်လ်တာ ယူနိုက်တက်အသင်းတို့ရဲ့ တွေ့ဆုံမှုကတော့ သရေနဲ့ပဲ အဆုံးသတ်ခဲ့ရပါတယ်။ ပထမပိုင်းမှာ မကွေး F.C ခြေအသာနဲ့ ကစားနိုင်ခဲ့ပေမယ့် ဒယ်လ်တာ ယူနိုက်တက်ကတော့ ဒုတိယပိုင်းမှာ ပြန်ဖိနိုင်ခဲ့ပါတယ်။ မကွေး F.C က ခိုင်ဇော်ထွန်းနဲ့ အောင်မြင့်အေးတို့ရဲ့ အပိုင်ကန်ချက်တွေ ဂိုးမဖြစ်ခဲ့သလို ဒယ်လ်တာက စိုင်းသန်းအောင်ရဲ့ကန်ချက် ဂိုးသမားမိခဲ့သလို နောက်ခံလူဂျိမ်းစ်ရဲ့ ခေါင်းတိုက်ချက်ကလည်း ဘားထိထွက်ခဲ့တာကြောင့် သရေနဲ့ပဲ အဆုံးသတ်ခဲ့ရတာပါ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ - နေပြည်တော်

ဗထူးကွင်း

ဥဿာယူနိုက်တက် - ကမ္ဘောဇ

ပေးအပ်လှူဒါန်း

ရန်ကုန်ယူနိုက်တက်အသင်းရဲ့ အဝေးကွင်းပွဲစဉ်ကို လိုက်ပါကြည့်ရှုရင်း သားယောက်ျားလေး မွေးဖွားခဲ့တဲ့ ရန်ကုန်ပရိသတ်တစ်ဦးကို ရန်ကုန်ယူနိုက်တက်အသင်းပိုင်ရှင် ဦးတေဇနဲ့ တာဝန်ရှိသူများက ပွဲအပြီးမှာ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ။

ရတနာပုံအသင်းမှ ပိုင်စိုး ရန်ကုန်ဂိုးသမား အောင်အောင်ဦးကို ကျော်ဖြတ်နေစဉ်။

မြန်မာ့အလင်း **ပရီမီယာလိဂ်ဖောင်ပိတ်သတင်း**

မန်ယူတို့ ဇယားထိပ်၌ ဦးဆောင်နိုင်ခဲ့ပြန် မန်စီးတီးနှင့် အာဆင်နယ် သရေကျ

အာကာဟိန်း - ရေးသားသည်

လန်ဒန် ဧပြီ ၂၄

ပရီမီယာလိဂ်ပွဲစဉ် (၃၆)ကို ဧပြီ ၂၄ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူက အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ စပါးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တန်းစီဇယားကို ပြန်လည်စိုးမိုးလိုက်ပြီဖြစ်သည်။

မန်ယူနှင့်စပါး

ခြေစွာသော စပါးကို အိုးထရက်ဖို့ဒ်၌ ကစားရသော်လည်း မန်ယူတို့ လျှော့မတွက်ခဲ့ချေ။ တိုက်စစ်မြားဦး၌ ဘာဘာတော့ဗ်ထားကာ နာနီ၊ ဗလင်စီယာ၊ ဂစ်နှင့် ဖလက်ချာတို့ကို ဝန်းရံစေခဲ့သည်။ စပါးကလည်း တိုက်စစ်၌ ပက်ဗလူချင်ကိုနှင့် ဒီဖိုးတို့အတွဲကို ပွဲထုတ်ကာ မန်ယူကို ရင်ဆိုင်ခဲ့သည်။ စပါးတို့ ခံကစားမှုကြောင့် မန်ယူတို့ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ဂိုးသွင်း

ဒုတိယပိုင်း ၅၈မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂစ်က မန်ယူအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော် စပါးတို့က ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ မိနစ် ၇၀၌ ကင်းက စပါးအတွက် ချေပဂိုး သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီဖြစ်နေခဲ့သည်။ မန်ယူက ဗလင်စီယာအစား ကာရစ်၊ အီဗရာအစား အိုရှေး၊ ရာဖေးလ်အစား မာချေဒါတို့ ဝင်ရောက်ကစားခဲ့ရာ ၈၁မိနစ်၌ မာချေဒါ ဖြတ်ချပေးလိုက်သည့်ဘောလုံးကို နာနီက လှလှပပ ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ စပါးက ချေပဂိုးရရှိရေး ပက်ဗလူချင်ကိုအစား ပီတာခရော့ချ်၊ ဘင့်တလေအစား လီနွန်တို့ ဝင်ရောက်ကစားခဲ့သော်လည်း ရလဒ်မပြောင်းနိုင်ခဲ့ချေ။ ၈၆မိနစ်၌ မန်ယူတို့ ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့ပြန်ရာ ဂစ်က တည်ငြိမ်စွာ ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူနှင့် စပါးတို့ပွဲတွင် မန်ယူအတွက် နာနီ(ယာ)က ဤသို့ ဒုတိယဂိုး သွင်းပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘော်လ်တန်နှင့်ပို့စ်မောက်

တန်းစီဇယားအောက်ဆုံးမှ တန်းဆင်းရန်သေချာနေသော ပို့စ်မောက်ကို ဘော်လ်တန်တို့ အိမ်ကွင်း၌ အနိုင်မကစားနိုင်ခဲ့ချေ။ ဘော်လ်တန်တို့ အိမ်ကွင်း၌ ဂိုးသွင်းခွင့် ကိုးကြိမ်ရရှိခဲ့သော်လည်း ၂၆မိနစ်၌ တိုက်စစ်မှူး ကလက်စ်ဆစ်ကတစ်ဂိုးနှင့် ၂၈မိနစ်၌ ဒေးဗစ်က တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ပို့စ်မောက်တို့က ၅၄မိနစ်နှင့် ၆၈မိနစ်တို့၌ ဒင်ဒိန်းက တစ်ဦးတည်း နှစ်ဂိုးသွင်းပြီး ချေပခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။

ဟူးလ်စီးတီးနှင့်ဆန်းဒါးလန်း

ဟူးလ်စီးတီးတို့ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း ဆန်းဒါးလန်းတိုက်စစ်မှူး ဒါရင်ဘင့်က ၇မိနစ်၌ပင် စောစီးစွာ ဂိုးသွင်းယူနိုင်ခဲ့သည်။ ဟူးလ်စီးတီးတို့ ၄၁မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့သော်လည်း ဂိုးဝင်အောင်မသွင်းနိုင်ခဲ့သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်သည်။ ယင်းပွဲ၌ ဟူးလ်စီးတီးမှ အယ်တီဒိုရီနှင့် ဆန်းဒါးလန်းမှ ဟူတန်တို့ ပွဲချိန် ၄၅မိနစ်၌ အနီကတ်ပြ အထုတ်ခံခဲ့ကြရသည်။

အခြားပွဲရလဒ်များ

ဝက်စ်ဟမ်း	၃-၂	ဝီဂန်
ဝုဖ်ဘာ	၁-၁	ဘလက်ဘန်း
အာဆင်နယ်	၀-၀	မန်စီးတီး

(အင်တာနက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

နားလေးရောဂါကင်းဝေးဖို့ ကာကွယ်ကုသစောင့်ရှောက်စို့

သတင်းဆောင်းပါး-မိုးမြင့်လင်းလက် ❖ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

အကြားအာရုံချို့ယွင်းသူများကို မကြာခဏတွေ့ရှိဖူးသည်။ တချို့က အသံကျယ်ကျယ်ပြောမှ ကြားရသည်။ တချို့မှာ နားအနီးကပ်ကာ အသံမြှင့်ပြီးပြောမှ ကြားရသူများလည်း ရှိသည်။ အချို့မှာမူ နားအတွင်း အကြားကိရိယာတပ်ဆင်ထားမှ ကြားရသူများကိုလည်း တွေ့နေရပြန်သည်။ ထို့ကြောင့် အခွင့်သင့်လျှင် နားလေးရောဂါအကြောင်း လေ့လာမည်ဟု တွေးထားခဲ့သည်။

ရောက်ရှိ

ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းနှင့် ဗျိုင်းရေအိုးစင်လမ်းထောင့်ရှိ ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို သတင်းယူရန်ရောက်ရှိစဉ် စိတ်ထဲ၌ အချိန်အတန်ကြာ မှတ်ထားခဲ့သော နားလေးရောဂါအကြောင်း မေးမြန်းရန် စိတ်ကူးပေါ်ခဲ့သည်။ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူက ‘‘အဲဒါ ဒီဆေးရုံကြီးက ပါမောက္ခဌာနမှူး ဒေါက်တာသိန်းထွန်း တာဝန်ယူလုပ်နေတာပေါ့။ သူ့ကို မေးမြန်းရင် ရပါတယ်’’ ဟု ပြောပြသဖြင့် ဒေါက်တာသိန်းထွန်းနှင့် တွေ့ဆုံခဲ့သည်။

ဆေးရုံအတွင်း အလုပ်များနေသော ပါမောက္ခ ဌာနမှူး ဒေါက်တာသိန်းထွန်းအား ခေတ္တစောင့်ဆိုင်းပြီး သိလိုသည့် အချက်များကို မေးမြန်းခဲ့ရာ ဒေါက်တာသိန်းထွန်းက လိုလိုလားလား ဖြေကြားခဲ့သည်။ ပါမောက္ခ ဒေါက်တာသိန်းထွန်းမှာ မြန်မာနိုင်ငံ နားလေးရောဂါ ကာကွယ်ကုသရေး စီမံချက်မန်နေဂျာလည်းဖြစ်သည်။ လက်တွေ့ကွင်းဆင်းပြီး နားလေးရောဂါနှင့် ပတ်သက်သည့် ကာကွယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသူလည်းဖြစ်သည်။

‘‘နားလေးရောဂါ ကာကွယ်ကုသရေး စီမံချက်ကို ဆောင်ရွက်ရတာကတော့ မြန်မာနိုင်ငံမှာ နားလေးရောဂါ ဖြစ်ပွားမှုနှုန်းကို ပြည်သူကြားမှာ ရှာဖွေသိရှိရန်၊ နားလေးရောဂါဖြစ်ရတဲ့ အကြောင်းရင်းကို သိရှိရန်နဲ့ နားလေးရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းရေးဆောင်ရွက်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်’’ဟု ပါမောက္ခ ဒေါက်တာသိန်းထွန်းက သတင်းအဖွဲ့ကို ရှင်းပြသည်။

အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံ၌ နားလေးရောဂါ ကာကွယ်ကုသရေးစီမံချက်ကို ၁၉၇၇-၇၈ ခုနှစ်ခန့်က စတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၁၀ခုနှစ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်ကာ ဆောင်ရွက်လျက်ရှိသည်။

‘‘ကျွန်တော်တို့အနေနဲ့ နားလေးရောဂါ ဖြစ်ပွားသူတွေကို ရှာဖွေတာတင်မကဘဲ ကုသပေးမှုတွေလည်း ပြုလုပ်ပေးနေပါတယ်။ လိုအပ်တဲ့ ခွဲစိတ်ကိရိယာတွေ စုဆောင်းထားပြီးဖြစ်လို့ လုပ်ငန်းတွေ စတင်လုပ်ကိုင်နေပြီး နားလေးရောဂါနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း မပြတ်တမ်းကျင်းပနေတဲ့အပြင် လက်တွေ့ကာကွယ်ရေးနဲ့ ကုသရေးတွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်’’ဟု ပါမောက္ခဒေါက်တာသိန်းထွန်းက ဆက်လက်ပြောပြသည်။

‘‘နားလေးရောဂါ တိုက်ဖျက်ရေးမှာ အသိပညာပေးမှုတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်’’
ပါမောက္ခ ဒေါက်တာသိန်းထွန်း။

ဆက်လက်အကောင်အထည်ဖော်

အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် နားလေးရောဂါ ကာကွယ်ကုသရေးစီမံချက် လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ရာ၌ မိတ္ထီလာမြို့၊ ပခုက္ကူမြို့၊ မုံရွာမြို့၊ ရန်ကုန်တိုင်း၌ တာမွေမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များတွင်လည်းကောင်း၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် တောင်ကြီးနှင့် ကျိုင်းတုံမြို့၊ တောင်ငူမြို့နှင့် စစ်တွေမြို့၊ မအူပင်နှင့် ဟသ်ာတမြို့၊ ၂၀၁၀ခုနှစ်တွင် မော်လမြိုင်၊ ဘားအံနှင့် မြစ်ကြီးနားမြို့များတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သင်တန်းပေး

‘‘နားလေးရောဂါ ကာကွယ်ကုသရေး စီမံချက်မှာတော့ ပထမအနေနဲ့ နားလေးသူဦးရေ စစ်တမ်းကောက်ယူပါတယ်။ ရောဂါမဖြစ်ပွားအောင် ကာကွယ်ခြင်းနဲ့ပတ်သက်တဲ့ ပညာပေးမှု၊ ဆွေးနွေးမှုတွေလည်း ပြုလုပ်ပါတယ်။ ပြည်နယ်နှင့်တိုင်း အသီးသီးက နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်တွေနဲ့ သူတို့ကို အကူအညီပေးနိုင်မယ့် သူနာပြုတွေကို သင်တန်းပေးမှုတွေ ပြုလုပ်ပေးနေပါတယ်’’ ဟု ၎င်းက ဆက်လက်ပြောပြသည်။

နားကြားမှု ကောင်းမကောင်းကို စစ်ဆေးရာတွင် နားနှင့် တစ်လက်မအကွာ၌ လက်ချောင်းနှစ်ချောင်းကို ဖြည်းညင်းစွာ ပွတ်သပ်၍ ထွက်ပေါ်လာသောအသံကို ကြားပါက ပုံမှန်အကြားအာရုံရှိသူဖြစ်သည်ဟု သတ်မှတ်ရမည် ဖြစ်သည်။

လက်နှစ်ချောင်း ပွတ်သပ်သံကို နားနှင့် တစ်လက်မအကွာမှ မကြားသော်လည်း ဘောပင်ခလုတ်နှိပ်သံကို သုံးပေအကွာမှ ကြားပါက အနည်းငယ် နားလေးသူဟု သတ်မှတ်ရမည်ဖြစ်သည်။ ထို့အပြင် ဘောပင်ခလုတ်အသံကို သုံးပေအကွာမှ မကြားရဘဲ တစ်ပေအကွာမှကြားပါက အတော်အသင့်နားလေးသူဖြစ်ပြီး ဘောပင်ခလုတ်သံကို တစ်ပေအကွာမှ မကြားဘဲ တစ်လက်မအကွာမှသာ ကြားရပါက အလွန်နားလေးသူဟု သတ်မှတ်ရမည်ဖြစ်သည်။

‘‘နားလေးရောဂါ ဖြစ်ပွားရတာကတော့ နားရွက်ပုံသဏ္ဌာန်မမှန်ခြင်း၊ အပြင်နားပြွန်ပိတ်ခြင်း၊ အပြင်နားပြွန်မှာ နားဖာချေး ပိတ်ခြင်း၊ အပြင်နားပြွန်သို့ ပိုးဝင်ခြင်း၊ နားစည်ပေါက်ခြင်း၊ အလယ်နားသို့ ပိုးဝင်ခြင်း၊ အလယ်နားနဲ့ နှာခေါင်းအနောက်ဘက်နေရာကို ဆက်သွယ်ပေးတဲ့ ပြွန်ပိတ်ခြင်း၊ အတွင်းနား၌ ရောဂါဖြစ်ခြင်း၊ အကြားအာရုံကြောမှာ ရောဂါဖြစ်ခြင်းတို့အပြင် ကလေးတွေကို အဏုဇီဝပိုးသတ်ဆေး ထိုးတာတွေ၊ ဆူညံသံတွေနဲ့ နားကြပ်ဖုန်းတွေ အချိန်ကြာကြာ တပ်ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်’’ ဟု ဒေါက်တာသိန်းထွန်းက ဆက်လက်ရှင်းပြသည်။



မြန်မာနိုင်ငံ နားလေးရောဂါ တိုက်ဖျက်ရေးအထိမ်းအမှတ်လိုဂိုကို ဤသို့ တွေ့ရသည်။

နားလေးရောဂါ တိုက်ဖျက်ရေးအထိမ်းအမှတ်လိုဂို

ကာကွယ်ကုသ၍ရ

နားအကြား ကောင်းမွန်စေရန်နှင့် နားလေးရောဂါမဖြစ်ပွားရန် ကလေးဘဝမှပင် သတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။

မော်လမြိုင်မြို့တွင် နားလေးရောဂါဖြစ်ပွားနေသူများအား ကွင်းဆင်းဆရာဝန်များ ဤသို့ စစ်ဆေးကုသပေးနေသည်။

နားလေးရောဂါ အများဆုံးဖြစ်ပွားရခြင်းမှာ မွေးရာပါနှင့် နားဖာချေးဆို့ခြင်း၊ နားပြည်ယိုခြင်းတို့ကြောင့် ဖြစ်သည်။ နားလေးရောဂါမှာ ကာကွယ်ကုသ၍ရသော ရောဂါလည်းဖြစ်သည်။

ရှင်းပြ

‘‘နားလေးရောဂါ မဖြစ်ပွားအောင် ငယ်ရွယ်စဉ်ကတည်းက ဆူညံသံတွေကို တတ်နိုင်သမျှ ရှောင်ရမယ်၊ မကျွမ်းကျင်တဲ့သူတွေနဲ့ နားကလော်ခြင်း မပြုလုပ်သင့်ဘူး၊ ပြုလုပ်ရင် နားအတွင်းပိုင်းမှာ ထိခိုက်ဒဏ်ရာရပြီး ပိုးဝင်ကာ အကြားအာရုံ လျော့နည်းစေနိုင်ပါတယ်။ ဒါ့အပြင် နားအတွင်းကို ပြင်ပက အရည်ပဲဖြစ်ဖြစ်၊ ပစ္စည်းပဲဖြစ်ဖြစ် မထည့်အောင် ကလေးတွေကို ပညာပေးရမှာဖြစ်ပါတယ်’’ ဟုလည်း ဒေါက်တာသိန်းထွန်းက ရှင်းပြသည်။

နားလေးရောဂါသည် မျိုးရိုးဗီဇလည်း လိုက်သည်။ မွေးကတည်းက နားလေးလာသော မိဘများ၏ သားသမီးများသည် မွေးရာပါ နားလေးရန် ဖြစ်နိုင်ခြေရှိသည်။ ကိုယ်ဝန်ဆောင်ချိန်၌ ဂျိုက်သိုးဖြစ်ခြင်းသည် အတွင်းနားရှိ အကြားအာရုံခံ အင်္ဂါအစိတ်အပိုင်း ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သော အန္တရာယ်ဖြစ်နိုင်သည်။

မွန်ပြည်နယ်အတွင်း နားလေးရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်အရ ဆရာဝန်များက ကွင်းဆင်းစစ်ဆေးကုသပေးမှုကို ဤသို့ တွေ့ရသည်။

အိမ်အရောက် စစ်ဆေးကုသ

ပဲခူးမြို့တွင် နားလေးရောဂါ ဖြစ်ပွားနေသူများကို အိမ်အရောက် စစ်ဆေးကုသပေးမှုကို ဤသို့ တွေ့ရသည်။

မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများသို့ အထူးကုဆရာဝန်များအဖွဲ့က ကွင်းဆင်းပြီး ဤသို့ လက်တွေ့ကုသပေးလျက်ရှိသည်။

ထို့ကြောင့် ငယ်ရွယ်စဉ် ကလေးဘဝမှပင် နားလေးရောဂါဖြစ်ပွားမှု သိရှိနိုင်ရန်နှင့် ကာကွယ်ကုသနိုင်ရန် လိုအပ်လျက်ရှိရာ အဖြစ်များသော နားလေးရောဂါနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ လိုအပ်ပါကြောင်း ကျန်းမာရေး ပညာပေးအဖြစ် တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အန်ဖီးလ်မှ ထွက်ခွာပါက တောရက်စ်အား ဘင်နီတက်ဇ်ခေါ်သွားမည်

လီဗာပူးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အနေဖြင့် လီဗာပူးမှ ထွက်ခွာပြီး စီးရီးအေအသင်းဂျူဗင်းတပ်စ်ကို နည်းပြအဖြစ် တာဝန်ယူရန် ရွေးချယ်ခဲ့ပါက ၎င်းနှင့်အတူ တိုက်စစ်မှူး တောရက်စ်ကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

မန်ယူသို့သာ ပြောင်းရွှေ့လိုဟု ဟာဘီယာနို ဖွင့်ဟ

ဘရာဇီးနှင့် ဆီဗီလာတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုက ၎င်းအနေဖြင့် ယခုနွေရာသီတွင် အသင်းမှ ထွက်ခွာပါက မန်ယူအသင်းသို့သာ ပြောင်းရွှေ့လိုကြောင်း အရိပ်အမြွက် ဖွင့်ဟသည်။

ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဘိုအာတန်စီစဉ်

ဘွန်ဒက်စ်လီဂါအသင်း ဟမ်းဘတ်ဂ် ခံစစ်မှူး ဂျာရိုမီဘိုအာတန်က ၎င်းနှင့် ညီအစ်ကိုတော်စပ်ပြီး မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသူ ပို့စ်မောက် ကွင်းလယ်ကစားသမား ကီဗင်ပရင့်စ်ရှိရာ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် စီစဉ်နေသည်။

တွန်ကေးအား ခေါ်ယူရန် စတုတ်နှင့်ဖီနာဘာချီ အပြိုင်ပြင်ဆင်

ဝက်စ်ဘရွန်းအသင်းသည် စတုတ်စီးတီးတွင် နေရာမရဖြစ်နေသော တိုက်စစ်မှူးတွန်ကေးအား စာချုပ်ခေါ်ယူရန် ဖီနာဘာချီအသင်းနှင့် အပြိုင်ပြင်ဆင်နေသည်။

တိုက်စစ်မှူးတောရက်စ်အား မန်စီးတီး ကမ်းလှမ်း

မန်စီးတီးအသင်းသည် လီဗာပူးတိုက်စစ်မှူး တောရက်စ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀နှင့်တစ်ပတ်လုပ်ခ လစာပေါင် ၂၀၀၀၀၀ဖြင့် စာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း၊ သို့သော်လည်း အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသူ တောရက်စ်အား ရောင်းချမည်မဟုတ်ဟု ဘင်နီတက်ဇ်က ပြောကြားခဲ့ကြောင်း ဖော်ပြသည်။

အဇီးအား ခေါ်ယူရန် မန်ယူနှင့်မန်စီးတီး အပြိုင်ကြိုးပမ်း

နိုင်ဂျီးရီးယား ဆယ်ကျော်သက် ကွင်းလယ်ကစားသမား ရာမွန်အဇီးအား စာချုပ်ခေါ်ယူရန် မန်ယူနှင့် မန်စီးတီးတို့ အပြိုင်ကြိုးပမ်းနေကြသည်။

ဂျိုးဟတ်အား ခေါ်ယူရန် အာဆင်နယ် ပစ်မှတ်ထား

ယခုဘောလုံးရာသီတွင် ဘာမင်ဂမ်၌ အငှားစာချုပ်ဖြင့် ကစားနေသော မန်စီးတီးဂိုးသမား ဂျိုးဟတ်အား အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

ဘတ်ဖွန်းနှင့်မီလိုအား ဗန်ပါစီနှင့်လဲလှယ်ဖွယ်ရှိ

ဂျူဗင်းတပ်စ်အသင်းသည် ယင်း၏ဂိုးသမား ဘတ်ဖွန်းနှင့် ကွင်းလယ်ကစားသမား မီလိုတို့အား အာဆင်နယ်အသင်း တိုက်စစ်မှူး ဗန်ပါစီနှင့်လဲလှယ်ဖွယ် ရှိသည်။

ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုဟု ဟန်တယ်လာ ဖွင့်ဟ

မန်ယူနှင့်စပါးတို့က ခေါ်ယူရန် ကြိုးစားနေသော ဟန်တယ်လာက ၎င်းအနေဖြင့် အေစီမီလန်အသင်းက ခွင့်ပြုပါက ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုသည်ဟု ဖွင့်ဟခဲ့သည်။

ရောမမာစတာ တင်းနစ်ပြိုင်ပွဲ၌ ရော့ဒစ်ခ် မယှဉ်ပြိုင်တော့ဟုဆို

ကမ္ဘာ့အဆင့် (၇) အမေရိကန်တင်းနစ်ကစားသမား အန်ဒီရော့ဒစ်ခ်သည် လူမှုရေးရာကိစ္စရပ်များကြောင့် ဧပြီ ၂၅ရက်(ယနေ့)တွင် အီတလီနိုင်ငံ၌ ကျင်းပမည့် ရောမမာစတာတင်းနစ်ပြိုင်ပွဲတွင် ပါဝင်မယှဉ်ပြိုင်တော့ဟု ဆိုသည်။

ဘီအမ်ဒဗလျူဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဟာရင်တန် ယှဉ်ပြိုင်မည်

ဂေါက်သီးလောကနှင့် အတန်ကြာကင်းကွာနေသော ဂေါက်သီးအကျော်အမော် ပက်ဒရစ်ဟာရင်တန်သည် အင်္ဂလန်နိုင်ငံ ဆာရေးမြို့၌ မေ ၂၀ရက်မှ ၂၃ရက် အထိ ဥရောပတိုးဂေါက်သီးရိုက်ပြိုင်ပွဲအဖြစ် ကျင်းပမည့် ဘီအမ်ဒဗလျူ ပီဂျီအေချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပွဲဦးထွက်အဖြစ် ပြန်လည်ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အန်ဆယ်လော့တီ၊ ချယ်လ်ဆီးနှင့် ပရီမီယာလိဂ်ဖလား ....

ရေးသူ-မောင်မောင်မြင့်ဆွေ | စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၂၄

၂၀၀၉-၂၀၁၀ ပရီမီယာလိဂ်ဘောလုံးရာသီပွဲစဉ်များပြီးဆုံးတော့မည်ဖြစ်သည်။ ထိပ်တန်းအသင်းကြီးများ ရမှတ်ပြတ်သားမှုမရှိဘဲဖြစ်နေရာ လက်ကျန်ပွဲတိုင်း အမှားမခံဘဲ အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသည်။ ပရီမီယာလိဂ်ဖလားကို ရယူရန် အဓိကထားမျှော်မှန်းနေသည့် ချယ်လ်ဆီးအသင်းနည်းပြအန်ဆယ်လော့တီနှင့် သတင်းထောက်များတွေ့ဆုံမှုကို ဖော်ပြရပါလျှင်-

မေး ။ ။ လက်ရှိအခြေအနေအရ ဘယ်လိုဖြစ်နိုင်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ကတော့ ယုံကြည်မှုအပြည့်နဲ့ဖလားရရှိရေး ကြိုးစားနေတာပါ။

မေး ။ ။ မန်ယူအသင်းရဲ့ ဖိအားပေးမှုနဲ့ အရှိန်ဟာ ချယ်လ်ဆီးအပေါ်ဖိစီးမှု ကြီးကြီး မားမား ရှိနေသလား။

ဖြေ ။ ။ အမှန်အတိုင်း ဝန်ခံရရင်တော့ ရှိနေတယ်လို့ ပြောရမှာပါပဲ။ မန်ယူဟာ လက်ရှိချန်ပီယံဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ကျန်ပွဲတိုင်း အတော်လေး အားထည့်နေရပါတယ်။ အမှားအယွင်းမရှိအောင် သတိထားကစားနေရပါတယ်။

မေး ။ ။ ဒဏ်ရာရ၊ ပွဲပယ်ကစားသမားတွေ များနေလား။

ဖြေ ။ ။ ပွဲရလဒ်ကို ထိခိုက်စေနိုင်တဲ့ အနေအထားတော့ မရှိပါဘူး၊ အဓိက ကစားသမားအချို့တော့ ဒဏ်ရာရနေတာရှိပါတယ်။ ဒါပေမယ့် လက်ကျန်ပွဲတွေမှာ အကောင်းဆုံး ယှဉ်ပြိုင်သွားနိုင်မှာပါ။

မေး ။ ။ လက်ကျန်ပွဲတွေမှာ အခက်အခဲဖြစ်နိုင်တဲ့ ပွဲတွေရှိတယ်လို့ ထင်ပါသလား။

ဖြေ ။ ။ လက်ကျန်ပွဲတိုင်းဟာ အခက်အခဲ အတားအဆီးတွေလို့ ယူဆထားပါတယ်။ ပွဲတိုင်းကို အလေးအနက်ထား မကစားရင် ကျွန်တော်တို့မျှော်မှန်းချက် လွင့်ပျောက်သွားနိုင်ပါတယ်။

မေး ။ ။ မမျှော်လင့်ဘဲ အဓိက ကစားသမားအချို့ ဒဏ်ရာ ထပ်ရသွားတာမျိုး ရှိလာခဲ့ရင်ကော။

ဖြေ ။ ။ အဲဒီလို အခြေအနေမျိုးအတွက်လည်း ကြိုတင် ပြင်ဆင်ထားပြီးသားပါ။ ချယ်လ်ဆီးမှာ အရည်အချင်းပြည့်ဝတဲ့ ကစားသမားတွေ အများကြီးရှိနေပါတယ်။

မေး ။ ။ ဒီနှစ်ရဲ့ အဓိက မျှော်မှန်းချက်ဟာ ပရီမီယာလိဂ်ဖလား ရယူရေးဖြစ်မလား။

ဖြေ ။ ။ မှန်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနှစ် ပရီမီယာလိဂ်ဖလားရယူရေးဟာ အဓိက မျှော်လင့်ချက်ပါပဲ။ ချန်ပီယံလိဂ်က ထွက်ခဲ့ရလို့ ပြောတာမျိုး မဟုတ်ပါဘူး၊ ပထမဆုံးမျှော်မှန်းချက်က ပရီမီယာလိဂ်ဖလားဖြစ်ပါတယ်။

မေး ။ ။ တကယ်လို့ပရီမီယာလိဂ်ဖလား မဆွတ်ခူးနိုင်ခဲ့ရင်ကော ချယ်လ်ဆီးမှာ ဆက်လက်တာဝန်ယူမှာလား။

ဖြေ ။ ။ ကျွန်တော်ချယ်လ်ဆီးကို အောင်မြင်မှုတွေ ရရှိအောင် ကြိုးစားစွမ်းဆောင် ပေးဖို့ ရောက်ရှိလာတာပါ။ ချယ်လ်ဆီးမှာ ပျော်နေပါတယ်။ ဖလား ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်ချယ်လ်ဆီးမှာပဲ ဆက်ရှိနေမှာပါ။

မေး ။ ။ ချယ်လ်ဆီးဟာ အခုအချိန်မှာ အကောင်းဆုံး ခြေစွမ်းရနေတယ်လို့ ထင်ပါသလား။

ဖြေ ။ ။ မှန်ပါတယ်။ အခုလက်ရှိချယ်လ်ဆီးရဲ့ ခြေစွမ်းဟာ အကောင်းဆုံး ရရှိနေပါတယ်။ လက်ကျန်ပွဲတိုင်းကို အကောင်းဆုံး ကျော်ဖြတ်သွားမယ်လို့ ယုံကြည်ထားပါတယ်။

မေး ။ ။ ရာသီကုန်ချိန်နီးမှာ နည်းပြတစ်ဦးအနေနဲ့ အကောင်းဆုံး စွမ်းဆောင်မှုအဖြစ် ဘာတွေများ ဆောင်ရွက်ပေးနေပါသလဲ။

ဖြေ ။ ။ စိတ်ဓာတ်ပိုင်းပေါ့။ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်း အကောင်းဆုံး ဖြစ်အောင် ကြိုးစားပေးနေပါတယ်ဟု ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ဖြေကြားသွားခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အနားယူတော့မည်ဟူသော ကောလာဟလ နည်းပြဖာဂူဆန် မဟုတ်မှန်ကြောင်း ငြင်းဆို

လန်ဒန် ဧပြီ ၂၄

မန်ယူနည်းပြကြီး အလက်စ်ဖာဂူဆန်သည် လာမည့်ဘောလုံးရာသီကုန်ဆုံးလျှင် နည်းပြအဖြစ်မှ အနားယူလိမ့်မည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်ခြင်းအပေါ် နည်းပြဖာဂူဆန်က မဟုတ်မှန်ကြောင်း ငြင်းဆိုလိုက်သည်။

အနားယူတော့မည်

အသက် ၆၈နှစ်ရှိပြီဖြစ်သော နည်းပြကြီးဖာဂူဆန်သည် မန်ယူကို ၂၃နှစ်ကြာ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ နည်းပြဖာဂူဆန်သည် ပြီးခဲ့သည့်နှစ်က ကျန်းမာရေးအခြေအနေကြောင့် အနားယူတော့မည်ဖြစ်ကြောင်း စကားဆိုထားခဲ့သည်။

မော်ရင်ဟိုနှင့် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်တို့သည်လည်း နည်းပြဖာဂူဆန်၏ အရိုက်အရာကို ဆက်ခံနိုင်ဖွယ်ရှိကြောင်း ဖာဂူဆန်ကိုယ်တိုင်က ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

နည်းပြဖာဂူဆန်သည် မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလား ၁၁လုံး၊ အက်ဖ်အေဖလား ငါးလုံး၊ ချန်ပီယံလိဂ်ဖလား နှစ်လုံး ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ (အင်တာနက်)

ယူရိုပါလိဂ်ဗိုလ်လုပွဲ လီဗာပူး ရောက်နိုင်

လန်ဒန် ဧပြီ ၂၄

လီဗာပူးအသင်းသည် ယူရိုပါလိဂ် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြဘင်နီတက်ဇ်က ပြောကြားသည်။

လီဗာပူးနှင့် အက်သလက်တီကိုမက်ဒရစ်တို့ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ သို့သော်လည်း ဒုတိယအကျော့အိမ်ကွင်း၌ အနိုင်ကစားပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ယှဉ်ပြိုင်ကစား

အက်သလက်တီကိုနှင့် လီဗာပူးတို့သည် ဧပြီ ၂၉ရက်တွင် ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် လီဗာပူးအိမ်ကွင်း အန်းဖီးလ်၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ လီဗာပူးတို့အိမ်ကွင်း ပရိသတ်များရှေ့တွင် အနိုင်ကစားနိုင်မည်ဆိုပါက ဂျာမနီနိုင်ငံ ဟမ်းဘတ်ဂ်မြို့၌ မေ ၁၂ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

တောရက်စ်အား မခေါ်ယူရန် မန်စီနီအား ဘင်နီတက်ဇ် သတိပေး

လန်ဒန် ဧပြီ ၂၄

တိုက်စစ်မှူး တောရက်စ်သည် လီဗာပူးမှ ထွက်ခွာမည့်အခြေအနေကြောင့် ပြိုင်ဘက် မန်စီးတီးကို တောရက်စ်အား မခေါ်ယူရန် သတိပေးပြောကြားလိုက်သည်။

ကမ်းလှမ်း

တောရက်စ်အနေဖြင့် လီဗာပူးမှ ထွက်ခွာလျှင် ခေါ်ယူစာချုပ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း မန်စီးတီးနည်းပြ မန်စီနီ၏ ကမ်းလှမ်းချက်ကို တုံ့ပြန်လျက် လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

မိမိတို့အသင်းသည် ပရီမီယာလိဂ်တွင် ထိပ်တန်းအသင်းတစ်သင်းတွင် ပါဝင်ကြောင်း၊ တောရက်စ်ပြောင်းရွှေ့လာမည်ဆိုပါက ကြိုဆိုမည်သာဖြစ်ကြောင်း မန်စီနီက ဆက်လက်ပြောကြားသည်။

ပါဝင်မည်

တောရက်စ်သည် ဒူးခေါင်း ဒဏ်ရာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲများ ဆက်လက်မနွှဲနိုင်သော်လည်း လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် စပိန်အသင်းအတွက် အဓိက အားထားရသော ကစားသမားအဖြစ် ပါဝင်ကစားနိုင်မည်ဟု ဆိုသည်။ **(အင်တာနက်)**

ပီဒါဆင်၏ အနာဂတ် ဘလက်ဘန်း၌ မရေရာ

လန်ဒန် ဧပြီ ၂၄

ဘလက်ဘန်းအသင်းအတွက် အဓိက အားထားရသော ကွင်းလယ်ကစားသမား ပီဒါဆင်၏အနာဂတ်နှင့် ပတ်သက်၍ မကြာမီရက်များအတွင်း ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း နည်းပြဆမ်အလာဒိုက်က ပြောကြားသည်။

ထွက်ခွာနိုင်ဖွယ်

နော်ဝေလက်ရွေးစင်ဘောလုံးသမား ပီဒါဆင်သည် ဘလက်ဘန်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်သကဲ့သို့ အသင်းမှ ထွက်ခွာနိုင်ဖွယ်လည်းရှိကြောင်း ဆမ်အလာဒိုက်က ဆက်လက်ပြောကြားသည်။

ပါဝင်ကစား

အသက် ၂၈နှစ်ရှိ ကွင်းလယ် ကစားသမား ပီဒါဆင်သည် ၂၀၀၄ခုနှစ်က နော်ဝေကလပ် ထရွန်ဆိုမှ ဘလက်ဘန်းသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည်



ဘလက်ဘန်းအတွက် ပွဲပေါင်း ၂၀၀ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး
ရေးသားသည်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်း ကန့်လန့်ကာအဖွင့် . . . .

ရေးသူ - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

မွန်တီဗီဒီယို ဧပြီ ၂၄

ကမ္ဘာ့အားကစားလောကမှာ အကြီးကျယ်ဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံးအပြင် ပရိသတ်တွေ စိတ်ဝင်စားမှုအရှိဆုံးဖြစ်တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပလာခဲ့တာဟာ အခုဆိုရင် နှစ်ပေါင်း ၈၀ ကြာရှိလာခဲ့ပြီ ဖြစ်ပါတယ်။

သမိုင်းဖြစ်စဉ်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကို စတင်ဖွဲ့စည်းပြီး ၂၆နှစ်ကြာမှသာ ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကို ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ၁၉၀၄ခုနှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ပထမဆုံး ဖီဖာဥက္ကဋ္ဌကတော့ ဂျူလက်စ်ရီမက်ဖြစ်ပါတယ်။ ဂျူလက်စ်ရီမက်ဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းတွေရဲ့ အရေးကိစ္စတွေကို ကူညီဖြေရှင်းပေးဖို့ဆန္ဒနဲ့ ဘောလုံးပြိုင်ပွဲတွေ ကျင်းပဖို့အတွက် စိတ်အားထက်သန်သူ တစ်ဦးလည်း ဖြစ်ပါတယ်။

ဖီဖာဥက္ကဋ္ဌဂျူလက်စ်ရီမက်ဟာ ၁၉၂၅ခုနှစ်မှာ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းတွေရဲ့ ဘောလုံးပြိုင်ပွဲကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအဖြစ် ကျင်းပနိုင်ဖို့ အကြံပြုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖီဖာရဲ့ အဖွဲ့ဝင်တွေ မဲဆန္ဒဆုံးဖြတ်ချက်နဲ့ ၁၉၂၈ခုနှစ်မှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပဖို့၊ အဲဒီလိုကျင်းပတဲ့အခါမှာလည်း လေးနှစ်တစ်ကြိမ် ကျင်းပဖို့နဲ့ အိမ်ရှင်နိုင်ငံကို အလှည့်ကျစနစ်နဲ့ ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ပထမဆုံးကျင်းပ

ဒါကြောင့်မို့ လေးနှစ်တစ်ကြိမ် ပြုလုပ်တဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရယ်လို့ တရားဝင်ကျင်းပနိုင်ခဲ့တာဟာ ၁၉၃၀ ပြည့်နှစ် မှာဖြစ်ပြီး အိမ်ရှင်ကတော့ ဥရုဂွေးနိုင်ငံဖြစ်ပါတယ်။ ဥရုဂွေးနိုင်ငံမှာ ကျင်းပတဲ့ ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၃သင်းသာ ပါဝင်ဆင်နွှဲနိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဥရောပက ဘောလုံး လေးသင်းဖြစ်တဲ့ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ယူဂိုဆလပ်နဲ့ ရိုမေးနီးယားအသင်းတို့သာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ကြပါတယ်။

ပထမဆုံးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်း ၁၃သင်းကို လေးသင်းတစ်အုပ်စုနဲ့ သုံးသင်းသာပါဝင်တဲ့ အုပ်စုသုံးခုခွဲပြီး ယှဉ်ပြိုင်စေခဲ့ပါတယ်။ အဲဒီပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ စတင်ကျင်းပပြီး ငါးရက်ကြာမှ ပရိသတ် (၉၅၀၀၀)ဆံ့တဲ့ အိမ်ရှင် ဥရုဂွေးနိုင်ငံရဲ့ မွန်တီဗီဒီယိုမြို့က အဓိက ဘောလုံးကွင်းကြီး ပြီးစီးခဲ့လို့ ပြိုင်ပွဲတွေ ပြောင်းရွှေ့ကျင်းပနိုင်ခဲ့ပါတယ်။

ဗိုလ်စွဲ

ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံး ဗိုလ်လုပွဲကို အိမ်ရှင်ဥရုဂွေးနဲ့ အာဂျင်တီးနားအသင်းတို့ တက်ရောက်နိုင်ခဲ့ကြပါတယ်။ အဲဒီဗိုလ်လုပွဲမှာ အိမ်ရှင် ဥရုဂွေးတို့က အနိုင်ရရှိပြီး ပထမဆုံးကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးဗိုလ်စွဲနိုင်ခဲ့ပါတယ်။ တတိယနေရာကိုတော့ ဘရာဇီးနဲ့ အမေရိကန်အသင်းတို့ ယှဉ်ပြိုင်တဲ့အခါ အမေရိကန်တို့ အနိုင်ရရှိပြီး တတိယနေရာကို ရယူနိုင်ခဲ့ပါတယ်။

ရွှေဖိနပ်ဆု

ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ရယူခဲ့တဲ့သူကတော့ အာဂျင်တီးနားတိုက်စစ်မှူး ဂူလီရာမိုဖြစ်ပြီး စုစုပေါင်း ရှစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပထမဆုံး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတစ်လျှောက်မှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အသင်းတွေရဲ့ စုစုပေါင်း သွင်းဂိုးဟာ ၇၀ရှိခဲ့ပြီး ဒုတိယရရှိခဲ့တဲ့ အာဂျင်တီးနားအသင်းကတော့ စုစုပေါင်း ၁၈ဂိုးသွင်းယူနိုင်ခဲ့လို့ ဂိုးအများဆုံးသွင်းနိုင်တဲ့ အသင်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်အသင်းတွေရဲ့ တစ်ပွဲချင်း ဂိုးသွင်းနှုန်းဟာ ၃ဒသမ ၈၉ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

ထုတ်ပယ်ခံရ

ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပထမဆုံး အနီကတ်ပြ အထုတ်ပယ်ခံရတဲ့ ဘောလုံးသမားကတော့ ပီရူးအသင်းခေါင်းဆောင် ဂါလန်ဒိုဖြစ်ပြီး ရိုမေးနီးယားနဲ့ ပီရူးတို့ အုပ်စုပွဲစဉ်ကစားတဲ့ပွဲမှာ ထုတ်ပယ်ခံရခြင်းဖြစ်ပါတယ်။ ဒါက ပွဲချိန်အတွင်းဖြစ်ပြီး ပွဲကစားချိန်ပြင်ပမှာ အသင်းက ထုတ်ပယ်ခံရတဲ့ ဘောလုံးသမားကတော့ ပီရူးဂိုးသမား အင်တိုနီရိုမာဇာလီ ဖြစ်ပါတယ်။ သူကတော့ သူ့ရဲ့မိသားစုခေတ္တတည်းခိုတဲ့ ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့မှာရှိတဲ့ ဟိုတယ်ကို အလစ်ခိုးထွက်ခဲ့လို့ အသင်းရဲ့ စည်းကမ်းဖောက်ဖျက်မှုကြောင့် ပီရူးအသင်းနည်းပြက အသင်းမှ ချက်ချင်းထုတ်ပယ်ခဲ့ခြင်း ဖြစ်ပါတယ်။

၁၉၃၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အိမ်ရှင် ဥရုဂွေးဘောလုံးအသင်း။

ဒိုပွဲဆင်

ပထမဆုံး ကမ္ဘာ့ဖလားရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ အိမ်ရှင် ဥရုဂွေးအသင်းကို အာဂျင်တီးနားတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ အပေါ်စီးက ယှဉ်ပြိုင်ကစားနေရာက နောက်ဆုံးပွဲချိန်ပြည့်ခါနီးမှ ကပ်ပြီး ဥရုဂွေးမှ ဆန်တို့စ်က ၂၅ကိုက်အကွာမှ ကန်သွင်းခဲ့လို့ ချေပဂိုး ရရှိခဲ့ပါတယ်။ ဥရုဂွေးရဲ့ အနိုင်ဂိုးကိုလည်း ပွဲချိန်ပြည့်ဖို့ စက္ကန့်ပိုင်းအလိုမှာ ကက်စရိုက သွင်းယူခဲ့လို့ သုံးဂိုး-နှစ်ဂိုးနဲ့ အာဂျင်တီးနားတို့ ရှုံးပွဲကြုံခဲ့ရတာမို့ အာဂျင်တီးနားပရိသတ်တွေ ဒိုပွဲဆင်ခဲ့ကြရပါတယ်။

ဆွတ်ခူး

ဒါကြောင့် ပြင်သစ်က ဒီဇိုင်းပညာရှင်နဲ့ ဖန်တီးသူ အက်ဘယ်လက်လီယူရာရဲ့ ကမ္ဘာ့ဖလားရုပ်တုကို ဥရုဂွေးအသင်းက ပထမဆုံး လက်ဝယ်ပိုင်ပိုင် ကိုင်မြှောက် အောင်ပွဲခံခွင့်ရခဲ့ပြီး ကမ္ဘာ့ဖလားကို ဆွတ်ခူးရရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ။

ကိုးကား - အင်တာနက်

ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို အိမ်ရှင်ဥရုဂွေးနဲ့ အာဂျင်တီးနားအသင်းတို့ တက်ရောက်နိုင်ခဲ့၊ အဲဒီဗိုလ်လုပွဲမှာ အိမ်ရှင် ဥရုဂွေးတို့က အနိုင်ရရှိပြီး ပထမဆုံး ကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးဗိုလ်စွဲနိုင်ခဲ့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ရပ်ကွက် (၁)၊ အမှတ် (၄၃)၊ ပါရမီလမ်း၊ လမ်းသွယ် (၄)တွင် ပါတီရုံးချုပ်တည်ရှိသော လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၄-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ



လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အဂ္ဂိဇယ မင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
၈:၀၀ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၃၅ ၁၀။ Connect with English (Epiosode-42) (The Audition)
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မန္တမ်းသောမေတ္တာ** (အပိုင်း-၂)
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၅ ၆။ မြန်မာရုပ်ရှင် **ချစ်သူကြင်သူမြတ်နိုးသူ** ဝင်းဦး၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-ဝင်းဦး)
၁၄:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၁၄:၅၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် BUGS' ADVENTURES (အပိုင်း-၁၀)
၆:၄၀ ၆။ တစ်မျက်နှာ တစ်ကွက်စာ **မျက်ရည်တစ်စက်မိန်းမ** အကယ်ဒမီခင်ဇာခြည်ကျော်၊ မိုးထက်ပိုင်၊ ကောင်းမိုးယံ [ဒါရိုက်တာ-မေတင် (MMG)]
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာ ခွင့်လွှတ်ပါ** (အပိုင်း-၂)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၉)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရှယ်လွန်ချစ်အိပ်မက်** (အပိုင်း-၂)
၁၃။ ရုပ်သံကြယ်ပွင့်များ
၁၄။ အစီအစဉ်ပြီး၏။

မြိတ်မြို့ ဘိုးဘွားရိပ်သာလမ်း ပေ ၂၈၀၀ × ၁၂ပေကို မြို့နယ်စည်ပင်နှင့် ပြည်သူများပူးပေါင်း၍ ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် ကျောက်ခင်းဆောင်ရွက်မှုကို မတ် ၁၁ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့နှင့်အတူ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် Duplex Board အဖုံးစက္ကူ (ပြည်တွင်း) ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် **Duplex Board** အဖုံးစက္ကူ(ပြည်တွင်း)များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(၁)	Duplex (32"× 40")180Gsm (ရွက် ၁၀၀ပါအထုပ်)	၁၆၀၀၀ ထုပ်
(၂)	Duplex(32"× 46")180Gsm (ရွက် ၁၀၀ပါအထုပ်)	၂၀၀၀၀ ထုပ်

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၅-၂၀၁၀ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)
(ညွှန်ကြားရေးမှူး-နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)-
ဒေါ်ကျင်ကျင်သောင်း(S.A.T-ငြိမ်း)တို့၏သား

မောင်ဇေယျာ

B.C.Sc, MD(Zayar Htoo Lyan Co.,Ltd.)

နှင့်

ပြင်ဦးလွင်မြို့နေ (ဦးခင်မောင်ဌွေး)-ဒေါ်တင်မမလေး တို့၏သမီး

မသျှားလတ်ဌွေး

B.A(English), IADCS (NCC,UK)

Executive Secretary (Maxi Net Co.,Ltd.)

တို့ကို ၂၄-၄-၂၀၁၀ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ဇေယျာ-မသျှားလတ်ဌွေး။**

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရဲလင်းဦး၏ နိုင်ငံကူးလက်မှတ် အမှတ် A-181869 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၃၉၂၄၄၂။**

လူပျောက်

ဦးဝင်းလှိုင်ထွန်း(ခ) ဦးလှိုင်ဘွားနှင့် မစန်းဌွေးယု(ခ) မနန်းစံယုတို့၏သမီး အထက်ပါဓာတ်ပုံရှင် မခင်ခင်ဝင်းလှိုင် ၁၂/လသယ(နိုင်) ဝ၆၅၃၉ဝ (၁၄)နှစ်သည် ၁၆-၄-၂၀၁၀ရက် ညနေ ၆း၃၀နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ လက်ခံထားပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

ဖခင် - ဦးဝင်းလှိုင်ထွန်း
မိခင် - ဒေါ်နန်းစံယု
ဖုန်း - ၀၉-၅၁-၁၄၈၁၆၊
၀၉-၈၆-၁၁၈၇၀။

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ပခုက္ကူမြို့ အမှတ်(၁)အထက်တန်းကျောင်းတွင် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေးသင်တန်းဆင်း

ပခုက္ကူ ဧပြီ ၂၄

မကွေးတိုင်း ပခုက္ကူခရိုင်အဆင့် အခြေခံပညာအလယ်တန်း၊ မူလတန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ် သင်ကြားမှု စွမ်းရည်မြင့်မားရေးသင်တန်းဆင်းပွဲကို ဧပြီ ၈ရက် ညနေ ၃နာရီက ပခုက္ကူမြို့ အထက(၁) ပညာမဏ္ဍိုင်ခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလွင်ကိုဦး၊ ခရိုင်ပညာရေးမှူး ဦးသောင်းဆွေ၊ သင်တန်းကြီးကြပ်ရေးမှူး ဦးခင်မောင်ဆွေ(လ/ထ မြို့နယ်ပညာရေးမှူး-နတ်မောက်)တို့က အမှာစကားပြောကြားပြီး သင်တန်း ဘာသာရပ်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၀၇ဦး တက်ရောက်ကြပြီး သင်တန်းကာလ ၁၀ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။ (ဝ၇၁)

အထက(၄)တာမွေ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

အထက(၄)တာမွေတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့်ဆရာမကြီးများအား မေ၁ရက် (အလုပ်သမားနေ့)(စနေနေ့)နံနက် ၉နာရီတွင် အထက(၄) တာမွေ မြတ်ပန်းသဇင်ခန်းမ၌ ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အပူဇော်ခံဆရာမကြီးများနှင့်ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဒေါ်မြင့်မြင့်စီ (ကျောင်းအုပ်ဆရာမကြီး)ဖုန်း-၅၄၅၆၉၉၊ ၅၄၆၂၉၄၊ ဒေါ်ခင်အေးမော် ဖုန်း-၅၅၆၉၆၁၊ ဒေါ်သူဇာ (Thelmar) ဖုန်း-၀၉-၅၀-၂၆၁၁၁၊ ဒေါ်မိုးသီဂီမြင့်အောင် ဖုန်း-၅၄၈၂၁၀၊ ၅၄၄၂၈၉၊ ဒေါ်ခိုင်မိုးဝင်း ဖုန်း-၅၅၆၈၇၄၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၄၀၄၅၆၊ ဒေါ်သီတာဝင်း ဖုန်း-၅၅၂၁၉၆နှင့် ဒေါ်အေးအေးအောင် ဖုန်း-၀၉-၅၀-၇၈၄၉၃တို့သို့ လှူဒါန်းနိုင်ပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ရက်နှင့် ၂၇ရက် မွန်းလွဲ ၁နာရီတွင် အထက(၄) တာမွေ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ပေးအပ်လှူဒါန်း

ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၈၊ (၇/က)မှ မိဘနှစ်ပါးအား ဦးထိပ်ထား၍ UK COLCHESTER နေ ဒေါက်တာဦးဝင်းအောင်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

၂၀၁၀ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၈ရက်မှစတင်၍ ၁၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား

အဆိုပါပြိုင်ပွဲတွင် ပါဝင်မည့်ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ သက်တန်းလိုက်ပြိုင်ပွဲတွင် အသက်(၅၅)နှစ်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက်(၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့် (၁၈)နှစ်အောက် မျိုးဆက်သစ်လူငယ်အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲ (Inter Club)ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲ (Inter Club) တွင် နှစ်ယောက်တွဲသုံးတွဲ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်းနစ်အားကစားသမားခုနစ်ဦး အမည်စာရင်းပေးသွင်းခွင့်ပြုထားကာ ပြည်နယ်နှင့်တိုင်းအဆင့် အသက်(၄၅)နှစ်အထက်တစ်ဦးနှင့် အသက်(၅၀)အထက်တစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပြီး မြန်မာ့လက်ရွေးစင်အဆင့်နှင့် ပြည်နယ်နှင့်တိုင်းအဆင့်ရှိသူများ၊ အသက်(၆၀)အထက်ဖြစ်ပါက ပြိုင်ပွဲဝင်ဦးရေ အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ခရီးစရိတ်

ယင်းပြိုင်ပွဲအားလုံးသို့ ပြည်နယ်နှင့်တိုင်းများမှ လာရောက်ယှဉ်ပြိုင်သူများအတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က သတ်မှတ်ထားသော နှုန်းထားအတိုင်း ခရီးစရိတ် ထုတ်ပေးမည်ဖြစ်ပြီး သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် တင်းနစ်ပြိုင်ပွဲဝင်မည့် အားကစားမောင်မယ်များကိုသာ ပြိုင်ပွဲရက်အတွင်း နေထိုင်စားသောက်မှုများကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် Technical Director မြန်မာ့လက်ရွေးစင်ဟောင်း ဦးမောင်မောင်လေး(အစုလေး)က ယခုပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာရေးနှင့် တင်းနစ်အားကစားဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ရေးအတွက် ဤပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခုပြိုင်ပွဲမှ ပေါ်ထွက်လာမည့် လူငယ်မျိုးဆက်သစ် တင်းနစ်အားကစားသမားများအား အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ယင်းလူငယ်မျိုးဆက်သစ် အားကစားသမားများအား လေ့ကျင့်မှုများကိုလည်း ဆက်လက်ပြုလုပ်သွားရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားသည်။ ယခုပြိုင်ပွဲ၏ ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ဆုကြေးငွေကျပ်သိန်း ၄၀ ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မီးဘေးကာကွယ်ရေး စစ်ဆေး

ဖျာပုံမြို့မ စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက်ဆောင်ရွက်ထားရှိသော လျှပ်စစ်မီးထိန်းချုပ်ခန်းများ၊ လျှပ်စစ်မီးတပ်ဆင်အသုံးပြုမှု၊ မီးချိတ်၊ မီးကတ်၊ ရေကန်နှင့် မီးသတ်ဆေးဘူးများ ထားရှိမှုကို ဧပြီ ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (၁၃၇)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း ဧပြီ ၁၀ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သရက်မြို့၌ ပန်းပိတောက်ရွှေဝါစာကြည့်တိုက်ဖွင့်

သရက် ဧပြီ ၂၄

သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ ပန်းပိတောက်ရွှေဝါစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၈ရက် မွန်းလွဲ ၁နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသန်းလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ဆွေက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဆွေးနွေးကာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်က ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်း

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ်၁၀၀နှင့် ကျေးရွာပြည်သူများက ကျပ်သုံးသောင်းခွဲတန်ဖိုးရှိဗီရိုတစ်လုံး ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

သံတွဲမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၉ရက်က သံတွဲ လေဆိပ်သို့ သွားရောက်၍ လေယာဉ်ရပ်နားနေရာ ကတ္တရာထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ် ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် လေဆိပ်အဆောက်အအုံ အခြေ အနေများကို လည်းကောင်း၊ နားနေဆောင်များ ပြင်ဆင်ဆောင်ရွက် ထားမှု အခြေအနေနှင့် လေဆိပ်အတွင်း လုံခြုံရေးဆိုင်ရာ လုပ်ငန်း များ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် သံတွဲတပ်နယ်အတွင်းရှိ အဆောက် အအုံ အခြေအနေများနှင့် စားပင်သီးနှံပင်များ စိုက်ပျိုးထားမှု အခြေအနေများကိုလည်းကောင်း၊ စားရိပ်သာများ ပြင်ဆင်ဆောင်ရွက် ထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် အဏ္ဏဝါရိပ်သာ ဧည့်ခန်းမ ဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူ များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော မြို့တွင်းရေဖြန့်ပိုက်လိုင်းဟောင်းများ လဲလှယ်တပ်ဆင်ဆောင်ရွက်နေမှုကို မတ် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် သမုတ်-သစ်ယာဝကျေးရွာ ချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို မတ် ၉ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့လယ်ချောင်းတံတားဖွင့်

လင်းခေး ဧပြီ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေး ခရိုင် လင်းခေးမြို့လယ်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက်က ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက နယ်မြေဒေသဖွံ့ဖြိုး ရေးကို အဓိကထားလျက် မြို့တွင်းသွား လာမှု လွယ်ကူစေရေးအတွက် စေတနာ အလှူရှင် ပြည်သူများကိုယ်တိုင် ပါဝင်ပြီး တည်ဆောက်ထားသော မြို့လယ်တံတား ပြီးစီးမှုကို ပြောကြားပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က တံတားဆောက်လုပ်ရခြင်း နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကား

ထို့နောက် မြို့မိမြို့ဖ ဦးစိုင်းကျော်ဌေး က မြို့လယ်ချောင်းတံတား ဆောက်လုပ် ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းတံတားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေ၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

သစ်သားတံတား

ယင်းတံတားမှာ သံမဏိ ယက်မ သစ်သားတံတားဖြစ်ပြီး အရှည် ၆၂ပေ၊ အကျယ် ၂၄ပေ၊ ဘေးဘယ်ညာလူသွားလမ်း နှစ်ပေစီနှင့် တံတားခံနိုင်ဝန်အားမှာ ၁၃တန် ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်ဆန်းတစ်ရက်နေ့က ပုသိမ်မြို့ တာဝတိံသာလမ်းနေ ပုသိမ်လှကြည်- ဖနီးဒေါ်မြမြဝင်း၊ သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ သမီး မသင်းသင်းလှ၊ မမွှေးမွှေးလှ မိသားစု က စတုဒိသာမဏ္ဍပ် ပြုလုပ်၍ လူမျိုး ဘာသာမရွေး ဆန်၊ ဆီ၊ ဆား၊ စား သောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံး စာအုပ်၊ ဗလာစာအုပ်နှင့် ဘောပင်တို့ ကို ပေးဝေလှူဒါန်းစဉ်။

(၁၅၇)

မတ် ၂၈ရက်က မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ် ဂုဏ္ဍနညွှန့် ခြင်းလုံးအသင်း နာယကဦးဝင်းမောင်က မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေ ကျပ် တစ်သိန်းကို အောင်နန်းရိပ်သာအရှေ့ အရန်မီးသတ်တပ်ခွဲမှူး ဦးအောင်တင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၉၀)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ် သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ် အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည် ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ် များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း တို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိ လစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း နှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပညာပေးနှိုးဆော်ချက် အမှတ်-၂

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝ နေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင် များတွင် ဥချရန် ပြင်ဆင်လျက်ရှိသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာ သော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၄င်းတို့မှ သားလောင်း များ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာ ရောက်သောကြောင့် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်အမကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချို ငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅"ပါ ပြဋ္ဌာန်းချက်များအရ အရေးယူ ခံရမည် ဖြစ်သည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို နယုန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

ဘီးလင်းအထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၂၄

မွန်ပြည်နယ် ဘီးလင်းအထက်တန်းကျောင်း အဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက် (အလုပ်သမားနေ့) နံနက် ၈နာရီတွင် ဘီးလင်းအထက ပညာ့အားမာန် ခန်းမ ဆောင်၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံယူကြပါရန်နှင့် အလှူငွေများကို ဒေါ်ခင်ထွေး မြင့် ဖုန်း-၀၉-၅၁-၂၁၈၂၈၊ ဦးစံ ဖုန်း-၀၁-၃၈၅၉၀၃၊ ဦးမောင်မောင်(မြို့နယ်ပညာ ရေးမှူး) ဖုန်း-၀၅၇-၆၄၀၂၄၊ ဦးဆန်းအောင် ဖုန်း-၀၅၇-၆၄၀၀၆၊ ဦးသန်းအောင် ဖုန်း- ၀၅၇-၆၄၀၇၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၇-၆၄၀၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မုဒုံ၌ နှစ်ဆန်းတစ်ရက် သက်ကြီးပူဇော်

မုဒုံ ဧပြီ ၁၉

မွန်ပြည်နယ် မုဒုံမြို့နယ် စံပြတံခွန် တိုင်ကျေးရွာ၏ (၃၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက် ဧပြီ ၁၇ရက် နံနက် ၈နာရီက အဆိုပါ ကျေးရွာရှိ အခြေခံပညာမူလတန်း ကျောင်းခန်းမ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး အသက် (၈၀)နှင့်အထက် အဘိုး ၂၇ဦးနှင့် အဘွား ၃၉ဦးတို့အား စုပေါင်း ကန်တော့ကြ သည်။

ရေသပ္ပာယ်

ညနေပိုင်းတွင် ကျေးရွာလူငယ် မောင်မယ်များသည် ကျေးရွာရှိ ကိုးနဝင်း စေတီတော်ကို စုပေါင်း ရေသပ္ပာယ်ပူဇော် ကြပြီး ဘိုးဘွားများအား ခေါင်းလျှော် ပေးခြင်း၊ လက်သည်းခြေသည်း ဖြတ်ပေး ခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ **(၀၁၁)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ဝေဆာနေသည့်
တိုင်းရေဝတီ၏ ငဝန်တံတား (မြို့ကွင်း)

သတင်းမှတ်စု-တင်မာဝင်းနှင့်မြကေခိုင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း ➤ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ နယ်မြေဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ရန် လိုအပ်လှသည်။ သွားလာဆက်သွယ်မှုများ လွယ်ကူကောင်းမွန်အောင် ရထားလမ်းသစ်များ၊ ကားလမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိပြီး လိုအပ်သည့် နေရာတိုင်းအတွက် တံတားကြီး၊ တံတားငယ်များကိုပါ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

ငဝန်တံတား

တံတားများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့ရာတွင် ဧရာဝတီတိုင်းအတွင်း တံတားကြီးစာရင်းဝင် ၄၅ စင်းမြောက် တံတားလည်းဖြစ်သည့် ငဝန်တံတား (မြို့ကွင်း)ကို ၂၀၀၉ ခုနှစ် မတ် ၂၁ ရက်က ဖွင့်လှစ်ပေးခဲ့ရာ တိုင်းနယ်မြေ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ ပိုမိုလျင်မြန်စွာ တိုးတက်လာခဲ့ပေပြီ။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ထူးခြားသည့် နေ့အပူချိန် (၂၄-၄-၂၀၁၀)

မြင်းမူမြို့	၄၆	ဒသမ ၅ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၅	ဒသမ ၁ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၅	ဒသမ ၁ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၄	ဒသမ ၃ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၄	ဒသမ ၂ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၄	ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
ပခုက္ကူမြို့	၄၃	ဒသမ ၇ဒီဂရီစင်တီဂရိတ်
ပြည်မြို့	၄၃	ဒသမ ၇ဒီဂရီစင်တီဂရိတ်
စစ်ကိုင်းမြို့	၄၃	ဒသမ ၅ဒီဂရီစင်တီဂရိတ်